


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၈-၈-၁၉၆၂ ရက်နေ့၊ အမရပူရမြို့၌

ဟောကြားဆုံးမတော်မူသော

# ဒုက္ခဓာတ်သိမ်းတဲ့နည်း

(၁၀၅) (စိတ္တာနုပဿနာ)



၈–၈–၁၉၆၂ ရက်နေ့၊ အမရပူရမြို့၌

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

# ဒုက္ခဇာတ်သိမ်းတဲ့နည်း

(စိတ္တာနုပဿနာ)

# ပုံနှိပ်မှတ်တမ်း


အုပ်ရေ - ၁၀၀၀

ခုနှစ် - ၂၀၁၂ ခုနှစ်

တန်ဖိုး - ကျပ်

အဖုံးပုံနှိပ်ခြင်း - သန်းထိုက်ရတနာအော့ဖ်ဆက်

ထုတ်ဝေသူ - ဦးအောင်နိုင်မြင့်(မြ-၀၄၃၇၅)
မိုးကုတ်ဝိပဿနာနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး
အဖွဲ့ချုပ်၊ အမှတ်(၈၂)၊ နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးဝင်းအောင် (မြ-၀၅၁၃၅)
သန်းထိုက်ရတနာပုံနှိပ်တိုက်
၈၄/၈၆၊ လမ်း ၅၀ (အလယ်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။



ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်မည်သူမျှကူးယူထုတ်ဝေခြင်းမပြုရ။



CIP 294.3

မိုးကုတ်ဆရာတော်ဘုရားကြီး
ဒုက္ခခါတ်သိမ်းတဲ့နည်း(စိတ္တာနုပဿနာ)၊ ရန်ကုန်။
မိုးကုတ်ဝိပဿနာကျင့်စဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်
(၂၀၁၂)
စာ - ၆၃၊ ၈.၆၄ × ၁၃.၇၂ စင်တီ
(၁) ဒုက္ခခါတ်သိမ်းတဲ့နည်း(စိတ္တာနုပဿနာ)

ကျေးရှူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌
ဟောကြားတော်မူသော

# ဒုက္ခစာတတ်သိမ်းတဲ့နည်း
## (စိတ္တာနုပဿနာ)

ဒကာ ဒကာမတွေအား ဟသ်ာတမြို့က ဦးမာဒင်ဆိုတဲ့ ဒကာကြီးက သတ္တဝါတွေကို ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကိုယ်လည်နေတာလည်းမသိ၊ ကိုယ့်ဟာကိုယ်ဖြတ်တောက်ဖို့ရာကိုလည်း မသိဘဲ ဖြစ်နေတော့၊ ဘုရားအဆူဆူပွင့်သွားငြားသော်လည်း ဒုက္ခသမုဒယ သာလည်ပြီးသကာလနေတော့တယ်ဆိုတာ ကိုယ်တိုင်သိရအောင် လို့။

## လောင်စာသိမ်း၍ မီးငြိမ်းတဲ့နည်း

ငါးဒုက္ခ သမုဒယလည်မှုကိုလည်း ဩော်...သမုဒယ

သစ္စာကမ်း၊ ဒုက္ခသစ္စာက လောင်စာ၊ မီးနှင့်လောင်စာတွေသာ တို့သည် တစ်သံသရာလုံး ဖြစ်နေရပါလား၊ ဘယ်အခါကာလမှ လောင်စာသိမ်း၍ မီးငြိမ်းတဲ့အဓိပ္ပာယ် မရောက်ခဲ့ပါလားဆိုတော့ လောင်စာသိမ်း၍ မီးငြိမ်းတဲ့နည်းကိုတော့ ဆရာဘုန်းကြီးက ဒီ ပဋိစ္စသမုပ္ပါဒ်ကဒ်ထဲမှာ ထည့်ပေးရမယ်။

ဒကာ ဒကာမတွေ သိမှုကတော့ လောင်စာနှင့်မီးသာ လှည့်ပတ်ပြီးသကာလနေပါလားဆိုတာ သိရမယ်။

အဲဒီတော့ အပြောနဲ့မပြီးဘူး အမြင်နဲ့ဉာဏ်နဲ့ကိုက်ပြီးကြည့် ရအောင် ဒကာကြီးက ဒီဟာတွေကိုဖြင့် ဘုရားတပည့်တော်ကပဲ ကုသိုလ်လုပ်ပါ့မယ်၊ **အရှင်ဘုရားကရေးပါ** ဆိုတဲ့အတွက်တဲ့ ဒကာ ဒကာမတွေ...

မရသေးတဲ့ပုဂ္ဂိုလ်များ ရှေးကရေးပြီးသား ပုဂ္ဂိုလ်များက တော့ဖြင့် မယူကြပါနဲ့၊ မရသေးတဲ့ပုဂ္ဂိုလ်ငဲ့ပြီးသကာလ ရပြီးသား ပုဂ္ဂိုလ်တွေကသည်းခံပြီး မရသေးတဲ့ပုဂ္ဂိုလ်တွေကို ဒီစာရွက်ကို ဒကာ ကြီး ကုသိုလ်၊ ဘုန်းကြီးများကလည်း ဒီဟာကြည့်ပြီး ဒကာ ဒကာ မတွေ တရားနာကြပါဆိုတာ မေတ္တာရှေ့ထားပြောကြားတယ်။

ငါးအပြင် ကိုယ့်ဆရာသမားကို သံဃဂုဏောအနန္တော၊ အာစရိယဂုဏောအနန္တောဆိုတဲ့အတိုင်း အနန္တောနှစ်ခုကိုလည်း ဒကာ၊ ဒကာမတွေသိရအောင် ဓာတ်ပုံကိုလည်း တစ်ခုစီ မရသေး တဲ့ပုဂ္ဂိုလ်များက ကိုးကွယ်ရအောင် တရားမဟောမီ ရှေးအဖို့ကာလ၌ ကိုယ့်သီလကိုယ် စောင့်ရှောက်ပြီးသကာလ တို့ရပြီးသားဖြစ်နေရင် လည်း မယူဘူးဟော့။

မရသေးတဲ့ပုဂ္ဂိုလ်တွေ ပူဇော်ကိုးကွယ်ရအောင်ဟ၊ ပူဇော်ဆိုတာ ပိုက်ဆံပေးဖို့ မဟုတ်ပါဘူး၊ ကိုယ်တိုင်လက်အုပ်ချီ ပူဇော်ဖို့၊ ကိုယ်တိုင် ပဋိစ္စသမုပ္ပာဒ်ကြီးကို လာတိုင်း လာတိုင်း ယူလာပြီးတော့ကို ဒီမှာကြည့်ပြီး ဆရာဘုန်းကြီး ဟောတာနဲ့ ကိုယ့်ခန္ဓာဖြစ်စဉ်နဲ့ ဖြတ်နည်းတောက်နည်းသိပြီးသကာလ ဒီစာရွက်ကို လာတိုင်းလည်း ယူလာကြလို့ရှိရင် အထူးကောင်းတယ်။

ဒါကြောင့် ဒကာ ဒကာမတွေဟာ ဟိုးက လှူဒါန်းတဲ့ ဒကာ ဒကာမကိုလည်း မေတ္တာပို့ပြီးသကာလ ပြော်...**"ငါတို့ ကယ်တင်တဲ့စာရွက်ပါလား၊ ငါတို့ကယ်တင်တဲ့ပုံတော်ပါလား၊ ငါတို့အပေါ် အလွန်ကျေးဇူးများပါလား။"**

ကျန်းမာပါစေ...ချမ်းသာပါစေဆိုတဲ့ စိတ်ထားနဲ့ မေတ္တာပို့ပြီးသကာလ လှူဒါန်းတဲ့ ဦးမာဒင်တို့ကိုလည်း မေတ္တာပို့ပြီး ဒကာ ဒကာမတွေက သီလကို ရှေ့ထားပြီးသကာလ သီလလည်းမပျက်ရအောင် မရသေးတဲ့ပုဂ္ဂိုလ်က အလှူခံ၊ ရပြီးသားပုဂ္ဂိုလ်က အလှူမခံနဲ့ သီလပျက်မှာစိုးလို့၊ ရိပ်မိကြပြီလား...(ရိပ်မိပါပြီဘုရား)။

အားလုံး ဒကာ ဒကာမတွေ ဝေကြပါဦး...။

## တရားနာတာသည် ကိုယ့်အရေး

အားလုံး ဒကာ ဒကာမတွေ ယခုလာပြီးသကာလ တရားနာကြတာ သူများအရေးမပါဘူး၊ ကိုယ့်အရေးချည်းလို့ မှတ်ကြရမယ်၊

သူများအရေးမပါဘူး ဦးလှဘူးတို့ ဒကာကြွယ်တို့ ကိုယ့်အရေးကိုယ် လုပ်ကြတယ်လို့ အောက်မေ့ကြရမယ်…(မှန်လှပါဘုရား)။

## ဒုက္ခဇာတ်သိမ်းတဲ့နည်း

အဲဒီတော့ ကိုယ့်အရေးကိုယ်လုပ်ရမယ်ဆိုတော့ကို ကိုယ့်ခန္ဓာကြီးက ဒုက္ခသစ္စာဇာတ်ကြီးကိုသိမ်းဖို့လာကြတာ၊ ကိုယ့်ခန္ဓာကြီးက ပင်ကိုက ဒုက္ခသစ္စာ၊ အဲ့ဒီ ဒုက္ခသစ္စာဇာတ်ကြီးကို သိမ်းဖို့ရာ လာကြတာ ဖြစ်နေတော့၊ ဒုက္ခဇာတ်သိမ်းတဲ့နည်း ဆရာဘုန်းကြီးက ပေးတော့မယ်။

ဒုက္ခဇာတ်သိမ်းတဲ့နည်း ဆရာဘုန်းကြီးက ပေးတော့မယ်ဆိုတော့ ဒကာ ဒကာမတွေက တခြားသော အာရုံဘက်သို့ စိတ်မသွားဘဲနဲ့ ဩော်…ဒုက္ခသိမ်းတဲ့နည်းဟာတို့…ဒုက္ခရှိနေလို့ ဆရာဘုန်းကြီးက ဒုက္ခသိမ်းတဲ့နည်းပေးမှာပါလား။

ဒီဒုက္ခသိမ်းတဲ့နည်းဖြင့် မရအရယူတော့မယ်ဆိုပြီးသကာလ ကိုယ့်အရေးမှာလည်း ဒုက္ခသိမ်းတဲ့အရေးလောက်ကြီးတဲ့အရေးဟာ ဘာမှမရှိပါဘူး…(မှန်လှပါဘုရား)။

ဒါကြောင့် အားလုံး ဒကာ ဒကာမတွေ တရားနာလာကြတာလား၊ ဒုက္ခသိမ်းဖို့ရာ အရေးကြီးလို့ လာကြတာလား… (ဒုက္ခသိမ်းဖို့ရာ အရေးကြီးလို့ လာကြတာပါဘုရား)။

အဲ့ဒါကြောင့် တရားနာကို အသာထားပါ၊ ဒုက္ခသိမ်းဖို့နည်းယူလာကြတယ်ဆိုတဲ့ ဉစ္စာသည် အမှန်ပဲလို့ ဆုံးဖြတ်ချက်ချ

ပါ…(မှန်လှပါဘုရား)၊ ဘာလုပ်ဖို့လာကြပါလိမ့်…(ဒုက္ခသိမ်းဖို့ နည်း ယူလာတာပါဘုရား)။

ဒုက္ခသိမ်းဖို့ နည်းယူလာကြတယ်ဆိုတော့ ဒါလူမရွေးတော့ ဘူး၊ ဒကာကြွယ်ရေ…(မှန်လှပါဘုရား)၊ ဒကာသစ် လူမရွေးတော့ ဘူး…(မှန်လှပါဘုရား)။

အားလုံး တရားနာနေကြတဲ့ ရုပ်နာမ်ဓမ္မတွေက ဒုက္ခသစ္စာ …(မှန်လှပါဘုရား)၊ ဒီဒုက္ခသစ္စာကြီး ယခု တရားနာနေရင်း မတ္တနဲ့ လည်း ညောင်းတယ်၊ ညာတယ်၊ လှည့်ရတယ်၊ ပြောင်းရတယ် ဆိုတာတွေကလည်း ရှိနေတယ်…(မှန်လှပါဘုရား)၊ တရားနာရင်း မတ္တနဲ့လည်း အိုဘေးကြီးကလည်း သင့်ရက်ပဲ…(မှန်လှပါဘုရား)။

ဟိုကကျင် ဒီကကိုက် နာဘေးကလည်း သင့်ရက်ဖြစ်နေ တော့ ဒုက္ခသစ္စာတစ်ခြားလားဟေ့ ဒီခန္ဓာကြီးထဲက အပြည့်ပါတာ လားဆိုတာ အကဲခတ်ကြည့်ရင် ပေါ်ပါလိမ့်မယ်…(မှန်လှပါဘုရား)၊ ခန္ဓာကြီးထဲ အပြည့်အနှက်ပါနေတယ်ဆိုတာ ဒကာ ဒကာမမတွေ လွဲမှားစရာ မရှိပါဘူး…(မှန်လှပါဘုရား)။

အဲ့ဒီ ဒုက္ခကြီးက ရှိသာနေတယ် ဘယ်တော့များ ကျွတ်ပါ့ မလဲလို့ဆိုတဲ့ ကျွတ်လိုတဲ့စိတ်တော့ ရှိပါရဲ့တဲ့၊ ကျွတ်ဖို့ရာ ဉာဏ် ကမရတော့လည်း ခဲယဉ်းတယ်…(မှန်လှပါဘုရား)။

## ဒုက္ခကျွတ်တဲ့ ဉာဏ်

ဒါကြောင့်…ဒုက္ခကျွတ်တဲ့ဉာဏ်ကိုဖြင့် ယနေ့ပေးဖြစ်အောင်

ပေးတော့မယ်ဆိုပြီး ဆရာဘုန်းကြီးက တရားလာပြီးသကာလ ပြော နေတယ်လို့ ဆုံးဖြတ်ချက်ချပါ...(မှန်လှပါဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတွေ ဒုက္ခသိမ်းတဲ့နည်းပေး တောမယ့်ဆိုတဲ့ဥစ္စာ၊ ဒုက္ခရှိတာကိုသိမှု တစ်နံပါတ်၊ ဒုက္ခရှိတာကို သိမှုက ...(တစ်နံပါတ်ပါဘုရား)၊ ရှိတာကို သိမှု သိတော့မှတဲ့ သြော်...ဒီ ဒုက္ခ ဘယ်ကလာပါလိမ့်မလဲလို့ လက်သည်ရှာမှုက နှစ်နံပါတ်...(မှန်လှပါဘုရား)။

ဒုက္ခရှိတာသိမှုက...(တစ်နံပါတ်ပါဘုရား)၊ ဒီဒုက္ခဘယ်က လာပါလိမ့်မလဲလို့ လက်သည်ရှာမှုက ... (နှစ်နံပါတ်ပါဘုရား)။

သြော်...ဒါဖြင့် ဒကာ ဒကာမတွေ ဒုက္ခရှိမှုကို သိဖို့ရာက တစ်နံပါတ်၊ ဒီဒုက္ခဘယ်ကလာပါလိမ့်မတုံးလို့ လက်သည်ရှာမှုက ...(နှစ်နံပါတ်ပါဘုရား)၊ နှစ်နံပါတ်ဆိုတော့ သစ္စာနှစ်ပါးပါသွားပြီ ...(မှန်လှပါဘုရား)။

ဒုက္ခရှိမှုသိရမှာက တစ်နံပါတ်၊ ဒီဒုက္ခဘယ်ကလာပါလိမ့် မလဲလို့ သိမှုကို ရှာရတာကလည်း နှစ်နံပါတ်၊ ဒီသိမှုရှိသွားတော့ ဒီဒုက္ခဘယ်ကလာတယ်လို့သိတဲ့အခါကျမှ ဒီဒုက္ခဖြစ်ကြောင်းကို အဘယ်ကဲ့သို့ ဖြတ်ရမယ်ဆိုတာက သိမှုကလည်း သုံးနံပါတ်ဗျ... (မှန်လှပါဘုရား)။

ဖြတ်လိုက်လို့ရှိရင်ဖြင့် ဘယ်လိုအကျိုးရှိမယ်ဆိုတဲ့ နိရောဓ သစ္စာသိမှုက လေးနံပါတ်ဖြစ်နေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမ

တွေမှာ ရှေးဦးစွာ ဆရာဘုန်းကြီးသည် ဒုက္ခရှိတာသိမှု တစ်နံပါတ် ကို ပြောပါ့မယ်...(မှန်လှပါဘုရား)။

## ဒုက္ခဆိုတာ

ကိုင်း...ဒကာ ဒကာမတို့ ဒုက္ခဆိုတဲ့ဥစ္စာ တစ်ခြားကို ရှာမနေနဲ့ အပေါင်းမှတ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် တရားနာနေတဲ့ ခန္ဓာတစ်ခုလုံးဟာဖြင့် သုခမဖက် ဒုက္ခသက်သက်လို့ ဆုံးဖြတ်ချက် ချပါ...(မှန်လှပါဘုရား)။

တရားနာနေတဲ့ခန္ဓာကြီးဟာ ဘာပါလိမ့်...(သုခမဖက် ဒုက္ခ သက်သက်ပါဘုရား)၊ သုခမဖက် ဒုက္ခသက်သက်ပဲလို့ ဒကာကြွယ် တို့ မှတ်ထားရမယ်နော်...(မှန်လှပါဘုရား)၊ မှတ်ထားတော့ သညာ စခန်းရှိသေးနေတော့ သညာနဲ့၊ မတင်းတိမ်ဘဲနဲ့ ပညာနဲ့ မှန်မှန် ရှု၊ မှန်မှန်ရှုက်ပြီး စိုက်ကြည့်နေလို့ရှိရင်ဖြင့် ဟိုက ယားသလို၊ ဒီက နာသလို၊ ဒီက အိုက်သလို၊ ဒီကနေပြီးသကာလ ပြောင်းချင် သလို၊ ရွှေ့ချင်သလို ဒါတွေဟာ ဒကာ ဒကာမတွေ ပင်ကို သဘောစွန့်တာဆိုရင် လွဲပါ့မလား...(မလွဲပါဘူးဘုရား)။

## ဉာဏ်ကလေးနဲ့စိုက်ကြည့်ပါ

ဩော်...ဒါဖြင့် ခဏလေး သမာဓိထားပြီး ဒကာ ဒကာမ တွေက ဒီခန္ဓာကြီးကို ဉာဏ်ကလေးနဲ့ သတိထားပြီး ဉာဏ်ကလေး

နဲ့ စိုက်ကြည့်လိုက်တဲ့အခါကျတော့ ပြောင်းချင်တဲ့စိတ်၊ ပြောင်းချင်တဲ့ရုပ်၊ သည်းမခံနိုင်တဲ့သဘောတွေ၊ စိတ်တွေ အမျိုးမျိုးပေါ်လာပုံတွေ၊ ဟိုကယားသလို ဒီက နာသလို ကိုက်သလို ခဲသလို အိုက်သလို ဒါတွေလာလို့ရှိရင် ဘာတွေမှ မအောက်မေ့ဘဲနဲ့ ဪ...ဒီခန္ဓာကြီးဟာ ဒုက္ခက ဆင်းရဲတာ၊ သစ္စာကမှန်တာ၊ ဆင်းရဲတာ အမှန်ဆိုတာ ဪ...အခုပေါ်နေတဲ့ ပင်ကိုသဘောတွေဟာ ဆင်းရဲတာအမှန်တွေပါလားလို့ ဒကာကြွယ်၊ ဦးလှဘူးတို့ မှတ်လိုက်စမ်းပါ...(မှန်လှပါဘုရား)။

ဒကာ ဒကာမတွေ ခန္ဓာဉာဏ်နဲ့ စိုက်လိုက်တဲ့အခါကျတော့မှ ပြောင်းချင်တာတွေ ရွေ့ချင်တာတွေ၊ ယားတာတွေ၊ အိုက်တာတွေ၊ ကျင်ကြီးကျင်ငယ်စွန့်ချင်တာတွေ၊ အောင့်ထားရတာတွေ ဒါတွေဟာ ဘာတွေပါလိမ့် ဒကာ ဒကာမတို့ ဒုက္ခပဲနော်...(မှန်လှပါဘုရား)။

သူ့ထဲမှာ သုခများ ပါသေးသလား...(မပါပါဘူးဘုရား)၊ ဒါဖြင့် ဒုက္ခသစ္စာ၊ ဒုက္ခအမှန်ပဲ...(မှန်လှပါဘုရား)၊ သုခမရောမယှက်ဘူး...(မှန်လှပါဘုရား)၊ ဒုက္ခအမှန်ပဲလို့ ဆုံးဖြတ်ချက်ချလိုက်တာပေါ့နော်...(မှန်လှပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်ထဲမှာ ခဏလေး စောင့်ကြည့်လိုက်လို့ရှိရင် ဘာတွေတွေ့မယ်လို့ ထင်ကြသတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဒကာကြွယ် ဒုက္ခသစ္စာပဲတွေ့မယ်...(မှန်လှပါဘုရား)။

## ဒုက္ခဘယ်က လာပါလိမ့်

ဒုက္ခသစ္စာပဲလို့ တွေ့တဲ့အခါကျတော့မှ ဒီ ဒကာ ဒကာမ တွေဟာ ဒီ ဒုက္ခ ဩော်...ဘယ်က လာပါလိမ့်မတုံး လက်သည် ရှာကြစို့ရဲ့နော်...(မှန်လှပါဘုရား)။

ဒီဒုက္ခ ဘယ်ကလာပါလိမ့်မတုံးလို့ လက်သည်ရှာတဲ့အခါ ကျတော့ကို ဩော်...တို့တခြားကြောင့်တော့မဟုတ်ဘူးဟေ့၊ လူဖြစ် ရပါလို၏ဆိုတဲ့ ဆုတောင်းတဏှာကြောင့်...(မှန်လှပါဘုရား)၊ ဒီ ဒုက္ခ ဘယ်ကလာပါလိမ့်...(လူဖြစ်ရပါလို၏ဆိုတဲ့ ဆုတောင်းတဏှာ ကြောင့်ပါဘုရား)။

ဩော်...လူဖြစ်ရပါလို၏ဆိုတဲ့ ဆုတောင်း တဏှာကြောင့် ဆိုတာ သိသွားတော့ အင်း သူ့လက်ချက်ပဲဆိုတဲ့လက်သည် ဖမ်းမိ တယ်...(မှန်လှပါဘုရား)၊ သမုဒယသစ္စာဆိုတဲ့ လက်သည် ဖမ်းမမိ ဘူးလား...(မိပါတယ်ဘုရား)။

ခန္ဓာကြီးက ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား)၊ ဒီခန္ဓာကြီး ဆုတောင်းယူမိတာက ဘာသစ္စာ...(သမုဒယသစ္စာပါဘုရား)၊ သမု ဒယသစ္စာ၊ အင်း...ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်ဆုတောင်းပြည့် နေတာ ဒုက္ခသစ္စာ...(မှန်လှပါဘုရား)၊ ကိုယ့်ဆုတောင်းပြည့်နေတာ ...(ဒုက္ခသစ္စာပါဘုရား)။

ဆုတောင်းမိတာက...(သမုဒယသစ္စာပါဘုရား)၊ ဆုတောင်း ပြည့်တာက...(ဒုက္ခသစ္စာပါဘုရား)၊ အဲ့ဒီ ဒကာ ဒကာမတွေက ဒီလို ကွဲကွဲပြားပြား ဟောမယ့် ပြောမယ့် ပုဂ္ဂိုလ် ဒကာ ဒကာမတွေ

မကြားရသေးတော့ ဘယ်တော့များ ဆုတောင်းပြည့်ပါ့မတုံးများ ညည်းနေလိုက်သေးတယ်...(မှန်လှပါဘုရား)။

ဘယ်တော့မှ ညည်းမနေနဲ့. ခင်ဗျားတို့ ခဏခဏ ပြောင်းရတာလည်း ဆုတောင်းပြည့်တာ...(မှန်လှပါဘုရား)၊ လူဖြစ်ရပါလို၏ဆိုလို့ လူ ဒုက္ခသစ္စာကြီးမို့ ဟိုပြောင်းရ၊ ဒီရွှေ့ရ ကျင်ကြီးစွန့်ရ၊ ကျင်ငယ်စွန့်ရ၊ ချွေးသုတ်ရ၊ အညောင်းအညာလေး ဖြေလိုက်ရ၊ ကျင်တာလေးပျောက်အောင် ဟိုဘက်ဒီဘက်ပြောင်းလိုက်ရ၊ ဒါ ဆုတောင်းပြည့်နေတာလို့ မှတ်လိုက်စမ်းပါ...(မှန်လှပါဘုရား)။

## ဆုတောင်းပြည့်တာ ဒုက္ခသစ္စာ

ဆုတောင်းပြည့်တာ ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါဘုရား)၊ ဒါကြောင့် ဆုတောင်းပြည့်တာ ဒုက္ခသစ္စာ၊ ဆုတောင်းမိတာ သမုဒယသစ္စာ...(မှန်လှပါဘုရား)၊ ဆုတောင်းပြည့်တာ...(ဒုက္ခသစ္စာပါဘုရား)၊ ဆုတောင်းမိတာ...(သမုဒယသစ္စာပါဘုရား)၊ ဩော်...ဒါဖြင့် ဒကာ ဒကာမတွေ နေ့တိုင်းခန္ဓာကိုယ်ကြီးကို အနင်းခံရ၊ အနှိပ်ခံရ၊ ထမင်းကျွေးရ၊ အိုက်တဲ့အနာတွေပေါ်လာရင် ရေချိုးပေးရ၊ အေးတဲ့ အနာတွေပေါ်လာရင် ခြုံရုံပေးရ၊ ဒါဆုတောင်းပြည့်တာ ဘာသစ္စာပါလိမ့်...(ဒုက္ခသစ္စာပါဘုရား)။

## ဆုတောင်းမိတာ သမုဒယသစ္စာ

ဆုတောင်းမိတာက...(သမုဒယသစ္စာပါဘုရား)၊ ဩော်... ဒကာ ဒကာမတွေ ဆုတောင်းပြည့်တာ ဒုက္ခသစ္စာဆုတောင်းမိတာ သမုဒယသစ္စာဆိုတာ မှန်လိုက်တာ မောင်ဘသော်...(မှန်ပါဘုရား)၊ မမှန်ဘူးလား...(မှန်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ ဩော်...သမုဒယသစ္စာ ကြောင့် ဒုက္ခသစ္စာဖြစ်တာပဲဆိုတဲ့ဥစ္စာ ဆရာဘုန်းကြီးက ပြော လိုက်တော့ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း ဆိုတာ လည်း ဒကာ ဒကာမတွေ စဉ်းစားကြည့် ခင်မိလို့ဖြစ်တာ...(မှန်လှ ပါဘုရား)။

ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းဆိုတာ...(ခင်မိ လို့ ဖြစ်တာပါဘုရား)၊ ဆင်းရဲခြင်းက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ ဘုရား)၊ ခင်မိတာက (သမုဒယသစ္စာပါဘုရား)။

ဆင်းရဲခြင်းက...(ဒုက္ခသစ္စာပါဘုရား)၊ ခင်မိတာက ... (သမုဒယသစ္စာပါဘုရား)၊ ဒါက ပစ္စုပ္ပန်ဘဝကျမှ ထပ်မိုက်တဲ့ ခင်မှု သမုဒယသစ္စာနဲ့ ချက်ချင်း"အကာလိကော"ဆိုတဲ့ အခါမလင့် အကျိုးပေးတဲ့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဆိုတာက ဒုက္ခသစ္စာ...(မှန် လှပါဘုရား)၊ မဆိုးဝါးဘူးလား...(ဆိုးဝါးပါတယ်ဘုရား)။

အေး...ဒါကြောင့် ဒကာ ဒကာမတွေကလည်း ပြောကြ ဆိုကြတာက အခင်အမင်မရှိလို့ရှိရင် နေမဖြစ်ဘူးတဲ့...(မှန်လှပါ ဘုရား)၊ ခင်စရာ မင်စရာ မရှိလို့ရှိရင် နေမဖြစ်ဘူးဆိုတော့ ခင်တာ က သမုဒယသစ္စာ၊ နေမဖြစ်တဲ့ခန္ဓာကြီးရတော့ ခန္ဓာကြီးထဲမှာ တော် ကြာ ဒုက္ခသစ္စာတွေ တဖွားဖွားပေါ်လာတော့ ဩော်...ဒီလိုများ ဖြစ်လိမ့်မယ် မထင်ဘူးဆိုတဲ့ဥစ္စာ များတာပဲ...(မှန်လှပါဘုရား)။

ခင်တတ်တာက ဘာသစ္စာ...(သမုဒယသစ္စာပါဘုရား)၊ ခင်ခြင်းကြောင့် ပူရဆွေးရတာက...(ဒုက္ခသစ္စာပါဘုရား)၊ ခင်တာက ...(သမုဒယသစ္စာပါဘုရား)၊ ပူဆွေးရတာ...(ဒုက္ခသစ္စာပါဘုရား)။

## သမုဒယသစ္စာထပ်ပွားရင်

ဒါဖြင့် ဒကာ ဒကာမတို့ ယခုဘဝကျမှ တစ်ခါခင်မှုတစ်ခု တိုးပြီး သမုဒယသစ္စာ ထပ်ပွားပြန်တော့ ပူဆွေးဆိုတဲ့ ဒုက္ခသစ္စာကြီး နှစ်ခုဟာ မရပေဘူးလား...(ရပါတယ်ဘုရား)။

ဒါဖြင့် ပူဆွေးတာက ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား)၊ ခင်မိတာက ဘာသစ္စာ...(သမုဒယသစ္စာပါဘုရား)၊ ဒကာ ဒကာမတွေ တစ်နေ့လုံးဟာ ဘာသစ္စာတွေများလှည့်နေပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့် ခင်တာ သမုဒယသစ္စာ၊ မျှော်နေရတာက... (ဒုက္ခ သစ္စာပါဘုရား)၊ ခင်တာက... (သမုဒယသစ္စာပါဘုရား)၊ မျှော်နေရ တာက...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ အိမ်များ ဘာလုပ်နေကြသတုံး သားတွေ သမီးတွေ ကျောင်းသွားတဲ့အခါ တစ်ယောက်သော ခင်ပွန်း မက အရောင်းအဝယ်သွားတဲ့အခါ၊ တစ်ယောက်သော ခင်ပွန်းသည် က အရောင်းအဝယ်သွားတဲ့အခါကျတော့ ဒီအချိန်လာခဲတယ်၊ ဒီ လောက်တောင် ကြာရမလားဆိုတဲ့ဥစ္စာ ဒကာကြွယ်ခင်မင်မှုက ရှိနေ လို့ပေါ့လေ...(မှန်လှပါဘုရား)။

အဲ့ဒီ ခင်မှုက ဘာသစ္စာ...(သမုဒယသစ္စာပါဘုရား)၊ ခဏ ခဏ မျှော်ပြီးသကာလ စောင့်ကြည့်နေရတာက ...(ဒုက္ခသစ္စာပါ ဘုရား)၊ စောင့်ကြည့်နေရတော့ ဒုက္ခသစ္စာ၊ ခန္ဓာကြီးက စောင့် ကြည့်နေရတော့ ဒီခန္ဓာကြီးသည်ကားလို့ဆိုရင် ဘာသစ္စာတုံး...(ဒုက္ခ သစ္စာပါဘုရား)။

## စိုးရိမ်ကြောင့်ကြ စိတ်မချတာ

ဒါကြောင့် ခင်ရင် ဒကာ ဒကာမတို့၊ ခင်လုံးကလေး ပေါ်လာရင် သမုဒယသစ္စာ...(မှန်လှပါဘုရား)၊ ဒီခင်မိလို့ရှိရင်ဖြင့် ကြောင့်ကြတယ်၊ စိုးရိမ်တယ်၊ စိတ်မချ လက်မချရှိတော့တယ် ဆိုတာလေးက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ခင်တာက...(သမုဒယသစ္စာပါဘုရား)၊ စိုးရိမ်ကြောင့်ကြ စိတ်မချတာက...(ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာဆိုတော့ ဒကာ ဒကာမတွေ အိမ်မှာ သစ္စာဘယ်နှပါးနဲ့နေကြသတုံး...(နှစ်ပါးနဲ့နေပါ တယ်ဘုရား)၊ ဘာသစ္စာတုံး...(သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား)။

ဩော်...ခင်များတို့သန္တာန်မှာ မဂ္ဂသစ္စာဆိုတဲ့ဘုရားလည်း မပွင့်ပါလား...(မှန်လှပါဘုရား)၊ နိရောဓသစ္စာဆိုတဲ့ ဒုက္ခသိမ်းရာ ကြီးလည်း မပေါ်လာပါလား...(မှန်လှပါဘုရား)။

မဂ္ဂသစ္စာဆိုတဲ့ ဘုရားကော...(မပွင့်ပါဘုရား)၊ နိရောဓ သစ္စာဆိုတဲ့ ဒုက္ခသိမ်းရာကြီးကော မျှော်မှန်းလို့မှ ရကြရဲ့လား... (မရပါဘုရား)။

ဩော်..ဒါဖြင့် အဲ့ဒီ ပဋိစ္စသမုပ္ပာဒ်ကြည့်လို့ရှိရင် ဒကာ ဒကာမတွေ ဒုက္ခနဲ့ သမုဒယသာ လှည့်နေတာပဲ...(မှန်လှပါဘုရား)၊ နိရောဓနဲ့ မဂ္ဂ ပါပါရဲ့ဘား...(မပါပါဘူးဘုရား)။

အေး...ဒါကြောင့် ဒကာ ဒကာမတွေ ဒီလမ်းကိုဖြင့် ဘုန်း ကြီးများကမှ အကူအညီဖြတ်တောက်ပြီး နည်းလမ်းတွေ မပေး

တော့ဘူးဆိုရင် ဒီ ဒကာ ဒကာမတွေမှာတဲ့ သမုဒယသစ္စာနဲ့ခင်လိုက်၊ ရင်ထုကြမ်းခုန်ဒုက္ခရောက်လိုက်၊ ဒါပဲအချိန်ကုန်မယ်...(မှန်လှပါဘုရား)၊ ဒီ့အပြင် ဘာရှိသေးသတုံး...(မရှိပါဘူးဘုရား)။

ခင်မှု သမုဒယသစ္စာပေါ်လိုက် ဟုတ်လား၊ ခွဲရတော့မယ် အလိုမကျတော့ဘူးဆိုတဲ့ ဒုက္ခသစ္စာတွေက ပေါက်ပွားလိုက် ဒီလိုပဲမနေဘူးလား...(နေပါတယ်ဘုရား)။

## အိမ်မှာ ဘယ်သစ္စာနှစ်ပါးလှည့်နေကြပါလိမ့်

အဲ့ဒါကြောင့် ဒကာ ဒကာမတွေ အိမ်မှာ ဘယ်သစ္စာနှစ်ပါးလှည့်နေကြပါလိမ့်...(သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ သမုဒယကြောင့် ဒုက္ခဖြစ်ရတယ်...(မှန်လှပါဘုရား)။

ဒုက္ခထဲက သမုဒယအသီးတွေ သီးမလာဘူးလား... (သီးလာပါတယ်ဘုရား)၊ သမုဒယအသီးတွေက အပင်ပေါက်ပြန်တော့ ဘာအပင်ပေါက်လာပါလိမ့်...(ဒုက္ခအပင်တွေပါဘုရား)။

## အပင်မှမျိုး မျိုးမှအပင်

ဒါဖြင့် ခုနက စာထဲ ပါပါတယ် အပင်မှမျိုး မျိုးမှအပင်သာရှိတော့တယ်...(မှန်လှပါဘုရား)၊ ဒုက္ခသစ္စာအပင်ကြီးက သမုဒယသစ္စာတွေပေါက်ပွား၊ သမုဒယသစ္စာမျိုးစေ့ကျပြန်တော့လည်း ဒုက္ခ

ပင်တွေပေါက်လာပြန်တယ်...(မှန်ပါ)၊ ဒုက္ခပင်တွေက သမုဒယအသီးတွေသီးပြီး မျိုးကျပြန်တော့လည်း ဒုက္ခပင်တွေ ပြန်မပေါက်ပေဘူးလား...(ပေါက်ပါတယ်ဘုရား)။

ဒါဖြင့် အပင်မှမျိုး၊ မျိုးမှအပင်ဆိုတဲ့ ဉစ္စာ ရှောင်လွဲလို့ရသေးရဲ့လား...(မရပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ဖြစ်တွေကဖြင့် မီးနဲ့လောင်စာသာရှိတော့တယ်...(မှန်လှပါဘုရား)။

အေးချမ်းမှုနဲ့ မီးငြိမ်းတာနဲ့ ငြိမ်းချမ်းမှုတော့ လာကိုမလာဘူး...(မှန်လှပါဘုရား)၊ အင်မတန်ကြောက်စရာကောင်းပါတယ်။

ဒါကြောင့် ဘုန်းကြီးများသည်တဲ့ ဒကာ ဒကာမတို့ ဇာတ်သိမ်းတရားကိုဖြင့် ယနေ့ရှင်းရှင်းလင်းလင်းနဲ့ပဲ ဒီအလုပ်လုပ်ဖြစ်အောင် လုပ်ပါဆိုတာ ဟောတော့မယ်နော်...(မှန်လှပါဘုရား)။

အိမ်မှာဖြင့် ဒကာ ဒကာမတွေ ကျွန်မတို့ကသိုလ်ဖြစ်ပါတယ်၊ ကျွန်တော်တို့ဖြင့် အိမ်မှာနေငြားသော်လည်း ကုသိုလ်ဖြစ်ပါတယ်လို့ ဘယ်တော့မှ မပြောနဲ့...(မှန်လှပါဘုရား)။

## ခင်တာ သမုဒယသစ္စာ

သားကလေးတွေ ကျောင်းသွားတယ်၊ ကျောင်းပို့ဖို့ရာကလည်း ခင်လို့ ပို့ဖြစ်တာပဲ...(မှန်လှပါဘုရား)၊ ခင်တာ သမုဒယသစ္စာ၊ ပို့တဲ့ဒုက္ခက...(ဒုက္ခသစ္စာပါဘုရား)။

တစ်ခါ အချိန်နီးပြန်တော့ ကြိုချင်တာလေးက သမုဒယသစ္စာ...(မှန်လှပါဘုရား)၊ သွားကြိုတာက...(ဒုက္ခသစ္စာပါဘုရား)၊

အိမ်မှာ ကုသိုလ်များဖြစ်နေကြသလား...(မဖြစ်ပါဘူးဘုရား)၊ ဖြစ်ကို မဖြစ်ဘူးဆိုတာ သေချာပြီလား...(သေချာပါတယ်ဘုရား)။

အဲ့ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အိမ်မှာ တပည့်တော်တို့ အလုပ်တွေများလွန်းလို့ဘုရား ကျောင်းလည်း မရောက်နိုင်ဘူးဘုရား၊ တရားလေးထိုင်မယ်ဆိုရင်လည်း မအားဘူး ဘုရား။

## မီးနဲ့လောင်စာ

ဟ! ဘာဖြစ်နေတာတုံး၊ မီးနဲ့ လောင်စာချည်းလုပ်နေရ ထို့ဘုရား...(မှန်လှပါဘုရား)၊ မီးက သမုဒယသစ္စာ၊ လောင်စာက ဒုက္ခသစ္စာ...(မှန်လှပါဘုရား)၊ သဘောကျပလား...(မှန်လှပါဘုရား)။

အဲ့ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အိုး... အလှူကြီးပေးပြန်သတဲ့ တော်တော်ကြာကျလို့ရှိရင်ဖြင့် ဘုရားတည် ပြန်သတဲ့၊ ကျောင်းဆောက်ပြန်သတဲ့ဆိုတဲ့ အဲ့ဒါလေးတွေကသုံးနှစ် တစ်ကြိမ်မလာပါဘူးဒကာသစ်ရာ...(မှန်လှပါဘုရား)၊ ဆယ်နှစ် တစ်ကြိမ်လာရဲ့လား...(မလာပါဘူးဘုရား)။

သမုဒယနဲ့ဒုက္ခကတော့ တစ်နေ့ဘယ်နှကြိမ် လာကြသတုံး ...(မရေမတွက်နိုင်ပါဘူးဘုရား)။

အဲ့ဒီတော့ ခင်ဗျားတို့ဟာက မိုးကြိုးပစ်တဲ့၊ အပါယ်မိုးကြိုး ပစ်နေတာကို ထန်းလက်နဲ့ကာလို့တော့ ရမှာမဟုတ်ဘူး...(မရပါ

ဘုရား)၊ အဲ့ဒီ သမုဒယသစ္စာဖြစ်မှ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ရောက်မယ် ...(မှန်လှပါဘုရား)။

## သမုဒယသိမ်းနည်း နိဿရည်း

ဒီအပြင်နည်းဖြင့် ဘုန်းကြီး၏ အကူအညီကို မပေးနိုင်အောင် ဖြစ်နေလို့ ဒကာ ဒကာမတို့ သမုဒယသိမ်းနည်း နိဿရည်းပဲ နာကြပါတော့...(မှန်လှပါဘုရား)၊ ဒီအတိုင်း ခင်ဗျားတို့ လှူတန်း ပေးကမ်းပြီးသကာလနေတာတွေ ဝမ်းမသာလို့မဟုတ်ပါဘူး၊ အလှူခံ ပုဂ္ဂိုလ်တွေပဲ၊ သာသနာကြီးပွားရေး ထောက်ပံ့ကြတယ်ဆိုရင် ဝမ်းသာဖို့ပါပဲတဲ့။

သို့သော်လည်း ခင်ဗျားတို့က ထန်းလက်ကာသလောက် ဖြစ်နေတော့ ဘုန်းကြီးများက လိုသေးတယ်ဆိုတာ ဒကာသစ် ဖြည့်ရလိမ့်မယ်...(မှန်လှပါဘုရား)၊ လိုသေးတယ်ဆိုတာ မဖြည့်ရပေဘူးလား...(ဖြည့်ရမှာပါဘုရား)။

တစ်နေ့ကို ဥပမာ ကလေးတစ်ယောက်ကို ဒီပြင်ဟာ လူကြီးကိစ္စကို အသာထားပါဦး ကလေးတစ်ယောက်ကို ကျောင်းပို့ချင်တာက သမုဒယသစ္စာ ပို့ရတာက ဒုက္ခသစ္စာ...(မှန်လှပါဘုရား)၊ နေ့လယ်ကျတော့ သွားကြိုချင်တာက...(သမုဒယသစ္စာပါဘုရား)၊ အင်း...ကြိုရတာက...(ဒုက္ခသစ္စာပါဘုရား)၊ နောက်တစ်ခါပြန်ပို့ချင်တာက ...(သမုဒယသစ္စာပါဘုရား)၊ ပို့လိုက်ရတာက ... (ဒုက္ခသစ္စာပါဘုရား)။

ညနေကျပြန်တော့ ပြန်ကြိုချင်တာက ...(သမုဒယသစ္စာပါဘုရား) ၊ ကြိုရတာက...(ဒုက္ခသစ္စာပါဘုရား)၊ အိမ်ကျတော့ ခင်လွန်းလို့ အော်ရငေါက်ရတဲ့ဥစ္စာသည် မခင်ဘဲနဲ့ အော်မိ ငေါက်မိပါ့မလား ...(မငေါက်မိပါဘုရား)၊ စိုးရိမ်သောက ရှိလို့ပေါ့ဗျာ...(မှန်လှပါဘုရား)။

မခင်တဲ့ပုဂ္ဂိုလ် စကားထဲထည့်မပြောပါဘူးဆိုတာ ခင်ဗျားတို့ ပါပြီးသားပါ၊ ဒီဥစ္စာက ရှင်းနေပါတယ်...(မှန်လှပါဘုရား)၊ ဟုတ်ဘူးလား...(မှန်လှပါဘုရား)။

အဲဒီတော့ ခင်မှုက ဘာသစ္စာတုံး...(သမုဒယသစ္စာပါဘုရား)၊ သူ့အကြောင်းလေးဆက်ကာဆက်ကာပြောနေတာက ဘာသစ္စာ ...(ဒုက္ခသစ္စာပါဘုရား)၊ သူ့အကြောင်းဆက်ကာ ဆက်ကာ ပြောလို့ရှိရင် ဒုက္ခသစ္စာပဲ...(မှန်လှပါဘုရား)။

ဘယ်နှယ့်ကြောင့်တုံးဆို အိုး...ခင်လို့ ပါးစပ်ထဲထည့်မိတာပေါ့...(မှန်လှပါဘုရား)၊ ဘယ်နှယ်ကြောင့်တုံး...(ခင်လို့ ပါးစပ်ထဲထည့်မိတာပါဘုရား)။

ဒါဖြင့် ခင်တာက ဘာသစ္စာ...(သမုဒယသစ္စာပါဘုရား)၊ ပါးစပ်က တဖွဖွပြောနေတာက...(ဒုက္ခသစ္စာပါဘုရား)၊ သားအကြောင်း သမီးအကြောင်း ပြောနေတာ ဒကာ ဒကာမတွေက ဘာသစ္စာလို့ မသိရှာကြဘူး...(မှန်လှပါဘုရား)။

ယခုတော့ သားအကြောင်း သမီးအကြောင်းဆိုတာ မခင်ဘဲနဲ့ ပြောတာလား၊ ခင်လို့ ပြောတာလား...(ခင်လို့ပြောတာပါဘုရား)၊

ခင်တာက ဘာသစ္စာ...(သမုဒယသစ္စာပါဘုရား)၊ ပြောမိတာက... (ဒုက္ခသစ္စာပါဘုရား)။

တစ်နေ့ ဘယ်နှကြိမ် ဒီကလေးတွေအတွက်၊ ဒီ သားလင် ခင်ပွန်းတွေအတွက် ပြောရဆိုရတာ ကျုပ်ဖြင့် မောပေါ့ဆိုတာများ ညည်းလုံးများထုတ်လိုက်သေးတယ်၊ မောချင်မော ဘာပြုလို့ အမော ခံတာတုံးဆိုတော့ ဩော်...ကိုယ့်အိမ်သားမို့ ကိုယ်အမောခံတာ ပေါ့...(မှန်လှပါဘုရား)။

ကိုယ့်အိမ်သားက ဘာသစ္စာတုံး...(သမုဒယသစ္စာပါဘုရား)၊ ကိုယ့်အိမ်သားဆိုတာက ကိုယ်ခင်လို့ သမုဒယသစ္စာ၊ အမောခံနိုင် တာက ...(ဒုက္ခသစ္စာပါဘုရား)။

## ဒယ်အိုးဆင်းတဲ့ အစိပ္ပာယ်

ဩော်...ခင်ဗျားတို့ ကိုယ့်အိမ်မှာ ကိုယ်မောပြီးသကာလ ဒယ်အိုးဆင်းကြတဲ့ အဓိပ္ပာယ်တွေဟာ သိပ်များပါလား...(များပါ တယ်ဘုရား)၊ မဆိုးဝါးဘူးလား...(ဆိုးဝါးပါတယ်ဘုရား)။

ဒကာကြွယ် ငါတဖွဖွပြောနေတာ မင်းကွာ နားမထောင်ဘူး လားဆိုတာများ ဒကာကြွယ် မပြောမိဘူးလား...(ပြောမိပါတယ် ဘုရား)၊ ဘာဖြစ်လို့ ဒကာကြွယ်က တဖွဖွပြောချင်ရတာတုံးဆိုတော့ ပြောချင်တာလေးက ခင်လို့လား၊ မခင်လို့လား...(ခင်လို့ပါဘုရား)။

ခင်တာက ဘာတုံး...(သမုဒယသစ္စာပါဘုရား)၊ တဖွဖွ ပြောနေတာက...(ဒုက္ခသစ္စာပါဘုရား)၊ ဩော်...ဒါတွေ မသိရှာ

ဘူး၊ မသိဘူး နားထောင်မလားလို့ ပြောရတာပဲ၊ ကျုပ်ကတော့ အကောင်းပြောတာပဲ၊ ဘယ်အကောင်းပြောရမလဲ ဒုက္ခသစ္စာလုပ်နေတာ အကောင်းပြောပါတယ်လို့ ရိပ်မိပြီလား…(ရိပ်မိပါပြီဘုရား)။

အကောင်းပြောတာလား၊ ဒုက္ခသစ္စာဖြစ်နေတာလား… (ဒုက္ခသစ္စာဖြစ်နေတာပါဘုရား)၊ အဲ့ဒါ လူကြီးပရိယာယ်နဲ့ ဒကာကြွယ်တို့က စကားခပ်တတ်တတ်နဲ့ ကျုပ်ကတော့ တစ်ခွန်းပြောတစ်ခွန်းအကောင်းပြောတာပါပဲ…(မှန်လှပါဘုရား)။

ဘယ်ကောင်းရမတုံး ပြောတယ်၊ အားစိုက်ရတဲ့ အသံရပ်ကော ပေါ်မလာဘူးလား…(ပေါ်လာပါတယ်ဘုရား)၊ အားစိုက်မှုကလည်း ကိုယ်၏ ဆင်းရဲ စိတ်၏ ဆင်းရဲခြင်းဆိုတာက ဘာသစ္စာတုံး…(ဒုက္ခသစ္စာပါဘုရား)၊ ပြောတဲ့အသံကကော…(သမုဒယ သစ္စာပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒီအသံတွေ ထွက်လာပါလိမ့်မတုံး မေးတော့ ခင်လို့…(မှန်လှပါဘုရား)၊ ခင်တာက…(သမုဒယသစ္စာပါဘုရား)၊ ပြောမိတာက…(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်လို့ပြောမိတာလေးများ ရှိကြသလား…(ရှိပါတယ်ဘုရား)၊ ဩော်…ဘယ်အချိန်ပြောကြပါလိမ့် အချိန်တိုင်းပေါ့ဘုရား…(မှန်လှပါဘုရား)၊ အချိန်တိုင်း ဘာသစ္စာတွေ ကြိုးစားနေကြသတုံး…(သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား)။

## ဒုက္ခသစ္စာဆိုတာ

သမုဒယနဲ့ ဒုက္ခ ကြိုးစားနေတော့ ဒုက္ခက ဒကာ ဒကာမ တို့ စက်ဆုပ်စရာ အသုံးမကျတာ ဒုက္ခသစ္စာကိုး၊ ဒု-က စက်ဆုပ် စရာ၊ ခ-က အသုံးမကျတာနော်၊ ဒု-က စက်ဆုပ်စရာ၊ ခ-က အသုံးမကျတာဆိုတော့ ဒုက္ခသစ္စာအလုပ်…(မှန်လှပါဘုရား)။

## အဝိစိသံ

သမုဒယသစ္စာဆိုတာကတော့ကိုတဲ့ ဒုက္ခပွားကြောင်းတွေ လုပ်မိတာ…(မှန်လှပါဘုရား)၊ ဒါကြောင့် ဒကာကြွယ်တို့ နောက်ကို ငါမခံင်ရင် ပါးစပ်ထဲတောင် မထည့်ဘူးဟော့နော်ဆိုတာများ သွားပြီး မသုံးလိုက်ပါနဲ့ ဘယ့်နှယ့်ကြောင့်တုံးဆိုတော့ အဝီစိသံပါလွန်းလို့ …(မှန်လှပါဘုရား)၊ ရိပ်မိပြီလား…(ရိပ်မိပါပြီဘုရား)။

အဝီစိသံ ဘာပါသတုံးလို့မေးဖို့လိုတဲ့အခါ ခင်ဆိုတဲ့ သမုဒယ သစ္စာ ရှိသရွေ့ကာလပတ်လုံး အပါယ်ဘေးဘယ်တော့မှ မလွတ်ပါ ဘူး…(မှန်လှပါဘုရား)၊ ဘာပြုလို့တုံး ဒိဋ္ဌိနဲ့တွဲနေတယ်…(မှန်လှပါ ဘုရား)၊ ရိပ်မိကြပြီလား…(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေက တချို့က တိုက်တွန်းကြ တယ်၊ ဩော်…ရှင်နဲ့ခင်တယ်၊ ရှင်သွားပြောရင် ပြီးကောင်းပါရဲ့၊ ဒီကလည်း ဝမ်းမြောက်တယ်၊ ငါနဲ့တော့ပြောရင် နားထောင်ကောင်း ပါရဲ့လေ၊ ငါနဲ့လည်းခင်ကြတာပဲဆိုတော့ ငါကလည်း ခင်တယ်၊

သူကလည်းခင်တယ်ဆိုတော့ ဒကာကြွယ်ခင်တာက ဘာသစ္စာတုံး ...(သမုဒယသစ္စာပါဘုရား)။

သွားပြီးအငှားပြောဖြစ်တာက...(ဒုက္ခသစ္စာပါဘုရား)၊ ဒကာကြွယ်တို့က အငှားလိုက်နေကြထင်တယ်၊ ဟိုက တို့လွှတ်လိုက်၊ ဒီကတို့လွှတ်လိုက် ဒီလိုနဲ့ သွားနေတာကို အားသေးရဲ့လား ...(မအားပါဘူးဘုရား)။

## သမုဒယကြောင့် ဒုက္ခဖြစ်နေတာ

အဲ့ဒါကြောင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ လူကြီးလူကောင်းလား သမုဒယကြောင့် ဒုက္ခဖြစ်နေတာများသလား...(သမုဒယကြောင့် ဒုက္ခဖြစ်နေတာများပါတယ်ဘုရား)။

အဲ့ဒါကိုလည်း ဩော်...ငါ သမုဒယဖြစ်ပြီ၊ ငါဒုက္ခဖြစ်ပြီလို့ ဒကာကြွယ်တို့ ဦးလှဘူးတို့က မရိပ်မိဘူး...(မရိပ်မိပါဘူးဘုရား)၊ ဩော်...တိုင်ပင်စရာရှိလို့ တိုင်ပင်ရာတာလို့များ ဝမ်းများသာလိုက်သေးတယ်...(မှန်လှပါဘုရား)၊ အတော်ဆိုးတဲ့ လူတွေထဲကဆိုတာ ဒကာ ဒကာမတွေ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

ဒီဟာပဲ ခေါင်းပေါင်းကလေးချိတ်လို့ လူကြီးလူကောင်းကလေးဆိုကတည်းက သွားတယ်ဆိုရင်လည်း တင့်တောင့်တင့်တယ်လေးမှ ဆိုပြီးသကာလ သူတို့က အားကိုးလို့ လာပြန်တော့လည်း မနေသာပဲကိုးဗျ၊ ဒကာကြွယ်တို့ကအသားယူနေတာ ဒါပဲမဟုတ်လား ...(မှန်လှပါတုရား)။

အားကိုးလို့ လာပြန်တော့ ဘာတဲ့...(မနေသာပါဘုရား)၊ မနေသာဘူးတဲ့၊ မနေသာတာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ အားကိုးလို့ ငဲ့မိတာက...(သမုဒယသစ္စာပါဘုရား)၊ အားကိုးလို့ ငဲ့တာက သမုဒယသစ္စာ၊ မနေသာလို့ သွားတာက...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာကြွယ် အားကိုးလို့ ငဲ့မိတာက ဘာသစ္စာ...(သမုဒယသစ္စာပါဘုရား)၊ မနေသာလို့သွားတာက... (ဒုက္ခသစ္စာပါဘုရား)၊ ရိပ်မိကြပြီလား...(ရိပ်မိပါပြီဘုရား)။

ဒါတစ်ချို့ ဒကာ ဒကာမတွေ ကျုပ်တို့တော့ အေးအေးနေချင်တာ၊ ထမင်းကြမ်းတောင် ယပ်ခတ်စားချင်သေးတယ် စကားများပြောရမှာ ဝန်လေးလိုက်တာ၊ ယခုတော့ ကိုယ်မပြောရင် မပြီးတာနဲ့ ပြောနေရတယ်၊ အသားများ ယူလိုက်သေးတယ်၊ ထမင်းလည်း ယပ်ခတ်စားချင်သေးတယ် ပြောသေးတယ်၊ ဒုက္ခလည်း လက်မလွှတ်ဘူးသူက...(မှန်လှပါဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)၊ အတော်မဆိုးဘူးလား...(ဆိုးပါတယ်ဘုရား)။

အဲ့ဒါ သမုဒယသစ္စာပေါ်တာကို ပေါ်မှန်းမသိဘူး...(မှန်လှပါဘုရား)၊ ဒုက္ခရောက်တာကိုလည်း...(ရောက်မှန်းမသိပါဘူးဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မီးနဲ့မစင် မထူးတော့ပါဘူးခင်ဗျားတို့...(မှန်လှပါဘုရား)၊ မီးကလည်းဝါဝါ၊ မစင်ကလည်းဝါဝါဆိုတော့ ဒီလိုမထူးတဲ့အထဲရောက်နေတယ်...(မှန်လှပါဘုရား)။

မီးနဲ့မစင် မထူးလို့ရှိရင် အရှူးထဲပါရတယ်ဆိုတော့ ပုထုဇ္ဇနော ဥမ္မတ္တကောဆိုတာကိုက်ပြီဒကာကြွယ်...(မှန်လှပါဘုရား)၊ မကိုက် သေးဘူးလား...(ကိုက်ပါတယ်ဘုရား)။

ဘာကြောင့်တုန်းဆိုလို့ရှိရင်ဖြင့် ခင်မိတာကဘာသစ္စာတုံး ...(သမုဒယသစ္စာပါဘုရား)၊ အလုပ်အကိုင်တွေရှက်ဆောင်ပေးနိုင် တာက...(ဒုက္ခသစ္စာပါဘုရား)၊ သိလိုက်ရဲ့လား ပေါ်တဲ့အချိန်မှာ... (မသိပါဘူးဘုရား)။

မသိတာက အဝိဇ္ဇာ...(မှန်လှပါဘုရား)၊ ခင်မိတာက သင်္ခါရ၊ ဟုတ်ပြီလား...(မှန်ပါဘုရား)၊ လုပ်ကိုင်ပေးမိတာက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး၊ ဒုက္ခသစ္စာ...(မှန်လှပါဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)၊ အင် မတန်ဆိုးပါလားဆိုတာ ပေါ်လာတော့တယ်နော်....(မှန်လှပါဘုရား)။

## သစ္စာလေးပါးမသိတာ အဝိဇ္ဇာ

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ ဒီအတိုင်းသာ ခင်များတို့ သမုဒယပေါ်တိုင်းလည်းမသိ၊ ဒုက္ခပေါ်တိုင်းလည်း မသိတော့၊ သမု ဒယပေါ်တာကိုလည်း မသိ၊ ဒုက္ခပေါ်တာကိုလည်း မသိတော့ မသိ တာ အဝိဇ္ဇာ...(မှန်လှပါဘုရား)၊ မသိတာ...(အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ဒကာကြွယ် သမုဒယပေါ်တာလည်း မသိ၊ ဒုက္ခ ပေါ်တာလည်း မသိတာဘာပါလိမ့်...(အဝိဇ္ဇာပါဘုရား)၊ နိရောဓ၊

မဂ္ဂဘယ်နေမှန်းမသိတာလည်း ဘာပါလိမ့်...(အဝိဇ္ဇာပါဘုရား)၊ ဒါဖြင့် သစ္စာလေးပါးမသိတာ အဝိဇ္ဇာ...(မှန်လှပါဘုရား)၊ ရိပ်မိပြီလား... (ရိပ်မိပါပြီဘုရား)။

သစ္စာလေးပါးမသိတာ...(အဝိဇ္ဇာပါဘုရား)၊ အဝိဇ္ဇာဆိုတာ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

အဲ့ဒီ အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည်တဲ့ ဒကာကြွယ် အဝိဇ္ဇာဆိုတာသည်ကားလို့ဆိုလို့ရှိရင်ဖြင့် သခ်ီရဆိုတဲ့အလုပ်ကို ပြုပြင်ပါတယ်...(မှန်လှပါဘုရား)၊ အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပါဘုရား)၊ သင်္ခါရာဆိုတော့ အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်က ကဲကွာ တို့အိမ်မှာ ဟော့ လူမမာတွေလည်းများတယ်၊ စိတ်လက်လည်း မချမ်းသာကြဘူးကွ၊ ဆွမ်းကလေးကျွေးကြဦးစို့။

ဒကာ ဒကာမတွေက စိတ်လက်လည်း မကောင်းကြဘူးကွ၊ လူလည်း နည်းနည်း နေမကောင်း ထိုင်မသာရှိကြတယ်၊ ဆွမ်းကလေးကျွေး၊ ပရိတ်ကလေးရွတ်ကြကွာ ကုသိုလ်ကလေး ဆက်ကြဦးစို့ဆိုတော့ သူ့ခန္ဓာ ကျန်းမာချင်မှု ဒကာကြွယ် ပါ၊ မပါ... (ပါပါတယ်ဘုရား)၊ သူ့ခန္ဓာ ကျန်းမာချင်မှု...(ပါပါတယ်ဘုရား)။

## မကျန်းမာတဲ့ခန္ဓာ

ဒါဖြင့် ခန္ဓာက ဒုက္ခသစ္စာ၊ ဘယ်တော့ ကျန်းမာသတုံး ... (မကျန်းမာပါဘူးဘုရား)၊ ဒါဖြင့် သိသေးရဲ့လား...(မသိပါဘူးဘုရား)။

ဒါဖြင့် မသိတာကအဝိဇ္ဇာ...(မှန်လှပါဘုရား)၊ ကျန်းမာမယ် ထင်ပြီး ဆွမ်းကျွေးတာက သင်္ခါရ...(မှန်လှပါဘုရား)၊ ကျန်းမာမယ် ထင်ပြီး ဆွမ်းကျွေးတာက...(သင်္ခါရပါဘုရား)။

ဒါဖြင့် ဒကာကြွယ်တို့ ဆွမ်းဟာ စားလို့ မတော်ပါဘူး ...(မှန်လှပါဘုရား)၊ ဘာပြုလို့တုံး တပည့်တော်တို့အိမ်က အန္တရာယ် တွေကများ၊ ကလေးတွေကရှိ၊ နေမကောင်း ထိုင်မကောင်းရှိတော့ ဘုရား၊ တပည့်တော်တို့ ကုသိုလ်ကလေး ဆက်တယ်ဘုရားဆိုတော့ ဒုက္ခသစ္စာသိပြီး ကျွေးတာလား၊ မသိဘဲနဲ့ ကျွေးတာလား... (မသိ ဘဲနဲ့ ကျွေးတာပါဘုရား)။

ဒါဖြင့် ဒီကုသိုလ် နိဗ္ဗာန်ရောက်ပါ့မလားလို့ တရားတစ်ပွဲလုံး မေးရင် ဘယ့်နှယ်ပြောကြမတုံး...(မရောက်ပါဘူးဘုရား)။

အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတော့ ဘယ်တော့ နိဗ္ဗာန်ရောက် တဲ့ တရားမှမဟုတ်ဘဲ...(မှန်လှပါဘုရား)၊ ရောက်နိုင်ပါ့မလား... (မရောက်နိုင်ပါဘူးဘုရား)၊ ဒကာကြွယ် ဒီလိုဆွမ်းပေါင်း ဘယ် လောက်ကျွေးဖူးသလဲ...(မရေတွက်နိုင်ပါဘူးဘုရား)၊ မရေတွက်နိုင်ဘူး။

## ဒုက္ခမသိလို့ ကျွေးတဲ့ဆွမ်း

ကျုပ်တော့ လာမပင့်ပါနဲ့ဗျာ၊ လိုက်ကိုမလိုက်ချင်ဘူး... (မှန်လှပါဘုရား)၊ ဘာကြောင့် မလိုက်ချင်သတုန်းဆိုလို့ရှိရင်ဖြင့် သူ့အလိုက ဥပမာ ဒကာကြွယ်တစ်ယောက်ကိုပြောသဖြင့် အားလုံး လည်း သိကြမှာပေါ့ဗျာ...(မှန်လှပါဘုရား)။

ဒီဒုက္ခသစ္စာကြီးကို ကျွတ်ချင်လို့ ကျွေးတာလား၊ ဒီ ဒုက္ခသစ္စာ ခန္ဓာကြီးကို ကျန်းမာတယ်လို့ ဝိပလ္လာသနဲ့ခင်းပြီး ကျွေးတာလား...(ဝိပလ္လာသနဲ့ခင်ပြီး ကျွေးတာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာမြင်သေးရဲ့လား...(မမြင်မပါဘူးဘုရား)၊ ဒါဖြင့် ဒုက္ခကျွတ်ချင်လို့ ကျွေးတဲ့ဆွမ်းမဟုတ်ပါဘူး...(မဟုတ်ပါဘုရား)၊ ဒုက္ခမသိလို့ ကျွေးတဲ့ဆွမ်း...(မှန်လှပါဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

## သစ္စာမသိဘဲ ပြုလုပ်တဲ့ကုသိုလ်

ဒါဖြင့် သစ္စာမသိဘဲနဲ့လုပ်တဲ့ကုသိုလ်ဟာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ...(မှန်လှပါဘုရား)၊ ရိပ်မိကြပြီလား...(ရိပ်မိပါပြီဘုရား)။

သစ္စာမသိဘဲနဲ့လုပ်တဲ့ကုသိုလ်ဟာ...(အဝိဇ္ဇာပစ္စယာ သင်္ခါရာပါဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီ သင်္ခါရလုပ်တဲ့အခါကျလို့ရှိရင် သင်္ခါရ ပစ္စယာဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်တော့ အစပ်ကလေးနဲ့ မြားကလေးပြတယ်...(မှန်လှပါဘုရား)၊ အဝိဇ္ဇာပစ္စယာသင်္ခါရာလုပ်တဲ့ပုဂ္ဂိုလ် ဒကာကြွယ်ရေ သေသည်၏အခြားမဲ့၌ သင်္ခါရပစ္စယာဝိညာဏံဆိုတာ မလာဘူးလား...(လာပါတယ်ဘုရား)။

ဝိညာဏံဆိုတာ ဒကာဒကာမတွေပဋိသန္ဓေနေတာလို့ မှတ်လိုက်စမ်းပါ...(မှန်လှပါဘုရား)၊ ဝိညာဏံဆိုတာ...(ပဋိသန္ဓေနေတာပါဘုရား)၊ ပဋိသန္ဓေက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ကဲ...လူ ပဋိသန္ဓေပါပဲ၊ စကြဝတေးပဋိသန္ဓေပါပဲ ထားလိုက် စမ်းပါ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဘယ့်နှယ်ကြောင့် လူပဋိသန္ဓေ၊ စကြဝတေးပဋိသန္ဓေဖြစ်ပြီး ဒုက္ခသစ္စာလို့ ဘုရားဟောပါ လိမ့်မတုန်းဆိုတော့ မသိလို့ ဆွမ်းကျွေး...(မှန်လှပါဘုရား)၊ ဆွမ်း ကျွေးလို့ သေသည်၏အခြားမဲ့၌ လူဖြစ်တယ်...(မှန်လှပါဘုရား)။

## လူဖြစ်တော့လည်း ဒုက္ခသစ္စာ

လူဖြစ်တော့ ဘာသစ္စာရသတုံး...(ဒုက္ခသစ္စာရပါတယ် ဘုရား)၊ ရမှာပဲ ဒကာကြွယ်ရ၊ လက်သည်အရင်းကျကျရှာတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာပြန်ရတယ်...(မှန်လှပါဘုရား)၊ သဘောပါပြီ လား...(ပါပါပြီဘုရား)၊ ဒါဖြင့် အဝိဇ္ဇာက သစ္စာမသိတာ... (မှန်လှပါဘုရား)၊ သင်္ခါရက ခန္ဓာတောင့်တလုပ်တာ... (မှန်လှပါ ဘုရား)၊ သင်္ခါရက...(ခန္ဓာတောင့်တလုပ်တာပါဘုရား)။

ကဲ...ခန္ဓာ တောင့်တလုပ်ပါတယ်ဆိုကတည်းက ဒီခန္ဓာကို လိုချင်တာသာရှိတယ် စွန့်ချင်တဲ့ သဘောပါရဲ့လား...(မပါပါဘူး ဘုရား)၊ မပါလို့ရှိရင် သစ္စာသိသေးရဲ့လား...(မသိပါဘူးဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့ သင်္ခါရ ကုသိုလ်ဆိုရင် လွဲပါ့မလား... (မလွဲပါဘူးဘုရား)၊ ဒါဖြင့် အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပါဘုရား)၊ သင်္ခါရပစ္စယာ...(ဝိညာဏံပါဘုရား)၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ ယတန၊ ဖဿ၊ ဝေဒနာ ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်ကြည့်လိုက်

ဒကာဒကာမတို့ အောက်နားဆက်ကြည့်လိုက် ဒုက္ခသစ္စာလို့မရေးဘူးလား...(ရေးပါတယ်ဘုရား)။

အင်း...ဘယ့်နှယ်ကြောင့် ဆွမ်းကျွေးပြီး ဒုက္ခရောက်ပါလိမ့် မတုန်းမေးတော့ အို သစ္စာမသိဘဲနဲ့ ကျွေးလိုက်လို့ ဒုက္ခရောက်တာ...(မှန်လှပါဘုရား)၊ ကျောင်းဆောက်ပြီး ဒုက္ခရောက်တာလည်း ဘာပါလိမ့်...(သစ္စာမသိလို့ပါဘုရား)။

## သစ္စာသိပြီး လုပ်ကြစမ်းပါ

အဲ့ဒါကြောင့် ဘုရားလည်း တည်ပါ၊ ကျောင်းလည်း ဆောက်ပါ၊ သံဃာတွေလည်း ဆွမ်းကွမ်းပြုကြပါ၊ သစ္စာသိပြီးလုပ်ကြစမ်းပါ...(မှန်လှပါဘုရား)၊ ရှင်းပြီလား...(ရှင်းပါပြီဘုရား)။

မလုပ်နဲ့တောင်းပန်သလား၊ သစ္စာသိပြီးလုပ်ပါဆိုသလား...(သစ္စာသိပြီးလုပ်ရမှာပါဘုရား)၊ အင်မတန်အရေးကြီးပါတယ်ဆိုတာ ဒကာကြွယ် မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)၊ ဒါက လုပ်နည်းကိုင်နည်းကို သင်ပေးလိုက်ပါတယ် ဒကာ ဒကာမတို့...(မှန်ပါဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့မှာ နေ့တိုင်းအချိန်ကုန်ပြီး သကာလနေတာက သမုဒယနဲ့ ဒုက္ခနဲ့သာ လှည့်နေတော့တာပဲ...(မှန်လှပါဘုရား)၊ စားချင်တဲ့စိတ်ကလေး ပေါ်လာတာက ဘာသစ္စာလဲ...(သမုဒယသစ္စာပါဘုရား)၊ စားလို့ဝတော့ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာ။

တစ်ခါဝပြန်တော့ အချိန်လေးကျလာပြန်တော့၊ အိပ်ချင်တာက ဘာသစ္စာ...(သမုဒယသစ္စာပါဘုရား)၊ အိပ်လိုက်တဲ့ ရုပ်နာမ် ပေါ်တာက...(ဒုက္ခသစ္စာပါဘုရား)၊ နိုးတဲ့စိတ်ကလေးပေါ်လာတာက ဘာသစ္စာတုံး...(သမုဒယသစ္စာပါဘုရား)၊ နိုးတော့ ထလုပ်တဲ့ အလုပ်တွေက ... (ဒုက္ခသစ္စာတွေပါဘုရား)။

## သစ္စာနှစ်ပါးကွယ်နေတယ်

ဩော်...ဒကာ ဒကာမတွေ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ ကွယ်ပါပေါ့လား...(မှန်လှပါဘုရား)၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာပါသေးရဲ့လား...(မပါပါဘူးဘုရား)၊ နိဗ္ဗာန်ဆိုတာကော ပါသေးရဲ့လား...(မပါပါဘူးဘုရား)၊ တယ်လည်း ကြောက်စရာ ကောင်းပါလား...(ကောင်းပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ခင်ဗျားတို့ သစ္စာနှစ်ပါးကွယ်နေတယ် ...(မှန်လှပါဘုရား)၊ ဒကာကြွယ် ဘာကွယ်နေတုံး...(သစ္စာနှစ်ပါး ကွယ်နေပါတယ်ဘုရား)၊ ဒကာသစ်တို့ ဘယ်သစ္စာ၊ ဘယ်သစ္စာ ကွယ်ပါလိမ့်...(နိရောဓသစ္စာနဲ့မဂ္ဂသစ္စာပါဘုရား)၊ နိရောဓနဲ့ မဂ္ဂ ကွယ်နေတယ်။

ဒကာ ဒကာမတို့ ဘာကွယ်နေသတုံး...(နိရောဓနဲ့ မဂ္ဂ ကွယ်နေပါတယ်ဘုရား)၊ ကိုင်း...ဒါဖြင့် နိရောဓနဲ့ မဂ္ဂကမှ ခင်ဗျားတို့ ပေါင်းသင်းရမယ့်သစ္စာ...(မှန်လှပါဘုရား)။

## သံသရာမှာ ကျွမ်းထိုးမှောက်ခုံဖြစ်တော့မှာပဲ

သမုဒယနဲ့ ဒုက္ခက ပယ်ပြီးသကာလ ပိုင်းခြားထားခဲ့ရမယ့် သစ္စာ ဖြစ်နေတယ်...(မှန်လှပါဘုရား)၊ ပယ်ရမယ့်သစ္စာနဲ့ ပိုင်းခြားထားခဲ့ရမယ့်သစ္စာ ဖြစ်နေတော့ အဲဒီသစ္စာနှစ်ခုကို ခင်ဗျားတို့က ကိုယ်ပိုင်မွေးပြီးသကာလ တကယ့်မိတ်ဆွေဖြစ်တဲ့ သစ္စာနှစ်ခုကို ရန်သူအဖြစ်နဲ့ အထိမ်းအမှတ်ထားပြီး အကပ်မခံဘဲဖြစ်နေတာ ဒကာကြွယ် သံသရာတော့ဖြင့် ကျွမ်းထိုးမှောက်ခုံဖြစ်တော့မှာပဲဆိုတာ မသေချာဘူးလား...(သေချာပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ အလုပ်စခန်းပြောကြပါစို့ နော်၊ နိရောဓ မဂ္ဂလာတဲ့ အလုပ်စခန်းပြောကြစို့...(မှန်လှပါဘုရား)။

## သက္ကတိုင်း၊ ကပိလဝတ်ပြည်

ဘုရားသခင်ကိုယ်တော်မြတ်ကြီး သက္ကတိုင်းမှာ သီတင်းသုံးပြီးသကာလနေတုံး ကပိလဝတ်ပြည်မှာ သူ ဆွမ်းခံကြွယ်တယ်။

သက္ကတိုင်းမှာနေပြီး ကပိလဝတ်ပြည် ဆွမ်းခံကြွပြီးသကာလ တစ်ပါးတည်း ဆွမ်းယူသွားပြီး တောထဲမှာပဲ နေ့သန့်စင် ကောင်းကောင်းမွန်မွန် နေရအောင်ဆိုပြီး တောထဲမှာ သွားပြီး ဆွမ်းဘုန်းပေးပြီး တစ်ခုသော ဥသျှစ်ပင်ပျိုအောက်မှာ သီတင်းသုံးပြီးသကာလ နေလိုက်တယ်။

# ဒဏ္ဍပါဏိ

နေလိုက်တဲ့အခါကျတော့ ရွှေတုတ်ကောက်ကြီး ကိုင်ပြီး ဒကာ တစ်ယောက်က ဘုရားဆွမ်းဘုန်းပေးပြီးလို့ ကောင်းကောင်း မွန်မွန် ထိုင်နေတဲ့နေရာရောက်လာတယ်၊ ရောက်ပြီးသကာလ လာ တော့ ဘုရားနဲ့တွေ့တယ်ဆိုတော့ စကားမှ မပြောလို့ရှိရင် မကောင်းတာနဲ့ အဲ့ဒီ ဒဏ္ဍပါဏိဆိုတဲ့ ဒဏ္ဍက–တုတ်၊ ပါဏိက– လက် ရွှေတုတ်ကောက်ကို လက်မှာကိုင်ထားတဲ့ ပုဂ္ဂိုလ်ပေါ့လေ... (မှန်လှပါဘုရား)။

အဲ့ဒီ ပုဂ္ဂိုလ်က အရှင်ဘုရား၊ အရှင်ဘုရားအယူဟာ ဘယ် အယူပါလိမ့်မတုံး၊ အရှင်ဘုရား ဟောလေ့ ပြောလေ့ရှိတာက ဘာကို ဟောလေ့ ပြောလေ့ရှိပါလိမ့်မလဲ နှစ်ချက်မေးလိုက်တယ်...(မှန်လှပါ ဘုရား)။

အရှင်ဘုရားအယူက ဘယ်အယူတုံး...(မှန်လှပါဘုရား)၊ အရှင်ဘုရား ဘယ်လိုပြောလေ့ ဟောလေ့ရှိပါသတုံး...(မှန်လှပါ ဘုရား)၊ ဘယ်နှစ်ချက် မေးလိုက်သတုံး...(နှစ်ချက်မေးပါတယ်ဘုရား)။

တစ်နံပါတ်ကဘာတဲ့...(အရှင်ဘုရားအယူက ဘယ်အယူ တုံးပါဘုရား)၊ အရှင်ဘုရားအယူက ဘယ်အယူတုံး၊ တစ်နံပါတ်၊ အရှင်ဘုရားသည် ဘယ်လိုသတ္တဝါတွေ ဟောလေ့ပြောလေ့ရှိပါ လိမ့်မလဲဆိုတာက ဘာတုံး...(နှစ်နံပါတ်ပါဘုရား)။

ပြန်ပြောကြစမ်း တစ်နံပါတ်က ဘာတဲ့...(အရှင်ဘုရား အယူက ဘယ်အယူတုံးပါဘုရား)၊ ဘုရားအယူကို သူမေးလိုက် တယ်...(မှန်လှပါဘုရား)။

နှစ်နံပါတ်က အရှင်ဘုရားသည် ဘယ်လိုဟောလေ့ ပြောလေ့ရှိပါသလဲလို့ ဒတ္ထုပါဏိက မေးလိုက်ပါတယ်...(မှန်လှပါဘုရား)၊ ဘယ်နှစ်ချက်ပါလိမ့်...(နှစ်ချက်ပါဘုရား)၊ နှစ်ချက်ရှိပြီ ဒကာ ဒကာမတို့ ပြန်ပြီးပြောပါ့မယ်၊ ဒီနှစ်လုံးနဲ့ပြီးရမှာပါ၊ ဒီနေ့ တရားပွဲမှာ... (မှန်လှပါဘုရား)။

နိဗ္ဗာန်လဲရောက်ပါလိမ့်မယ်...(မှန်လှပါဘုရား)၊ တစ်နံပါတ်က ဘာတဲ့...(အရှင်ဘုရားအယူက ဘယ်အယူတုံး)၊ အရှင်ဘုရား၏ အယူ ဘယ်အယူတုံး၊ ဘယ်ဝါဒတုံးပေါ့ဗျာ...(မှန်လှပါဘုရား)။

နှစ်နံပါတ်က ဘာတဲ့၊ အရှင်ဘုရားသည် ဘယ်လိုဟောလေ့ ပြောလေ့ရှိပါလိမ့်မလဲ၊ နှစ်နံပါတ်ကနော်...(မှန်လှပါဘုရား)။

အဲ့ဒီတင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သြော်... ဒီပုဂ္ဂိုလ်က ငါ့လည်းဝတ်ချ(ရှိခိုး)တာလည်း မဟုတ်ပါဘူး၊ မတတ်သာလို့ ပြောတဲ့စကား၊ လမ်းတွေ့လို့ နှုတ်မဆက်ရင် မကောင်းလို့ ပြောတဲ့စကားဖြစ်ပါစေလေ ဘုရားကဖြေလိုက်တယ်။

## ဘုရားဝါဒ

ဘယ်လိုဖြေလိုက်သတုန်းဆိုတော့ ငါ့အယူကမည်သူနဲ့မှ မဆန့်ကျင်တဲ့အယူဝါဒဟာ ငါ့ဝါဒ...(မှန်လှပါဘုရား)၊ မည်သူတစ်ဦးတစ်ယောက်နဲ့မှ မဆန့်ကျင်တဲ့ဝါဒဟာ...(ဘုရားဝါဒပါဘုရား)၊ ဘုရားဝါဒသဘောကျပြီလား...(ကျပါပြီဘုရား)။

ဘာတဲ့တုံး ဘုရားဝါဒက...(မည်သူတစ်ဦးတစ်ယောက်နဲ့မှ မဆန့်ကျင်တဲ့ဝါဒပါဘုရား)၊ မည်သူတစ်ဦးတစ်ယောက်မှ မဆန့်ကျင်တဲ့ဝါဒဟာ ဘုရားဝါဒ...(မှန်လှပါဘုရား)။

ဒါဖြင့် တစ်နံပါတ် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တာ ငါ့ဝါဒကတော့ကွာတဲ့ မည်သူတစ်ဦးတစ်ယောက်နဲ့မှ မဆန့်ကျင်တဲ့ တစ်ဦးတစ်ယောက်နှင့်မှ မဆန့်ကျင်တဲ့ ဝါဒဟာ ငါ့ဝါဒကွ...(မှန်လှပါဘုရား)၊ ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

## ဘုရား၏ဟောနေကျတရား

မည်သူတစ်ဦးတစ်ယောက်နှင့်မှ မဆန့်ကျင်တဲ့ဝါဒဟာ ဘာတဲ့...(ဘုရားဝါဒပါဘုရား)၊ ဘယ်လိုဟောလေ့ပြောလေ့ ရှိသတုံးလို့ မေးတဲ့အဖြေကတော့ ငါသည်တဲ့ ဘုံဘဝကို ပြတ်အောင် ဟောလေ့ ပြောလေ့ရှိတဲ့ (ဝါ) ဟောလေ့ပြောလေ့ရှိတဲ့ သဘောက ငါဟောပြောတဲ့နည်းပါပဲတဲ့...(မှန်လှပါဘုရား)၊ ရိပ်မိကြပြီလား... (ရိပ်မိပါပြီဘုရား)။

ဘုံဘဝ မနစ်သက်အောင် ဟောလေ့ပြောလေ့ရှိတဲ့သဘောဟာတဲ့ ငါဟောနေကြတရားလို့ မှတ်ပါ...(မှန်လှပါဘုရား)၊ ဘုံဘဝ မနစ်သက်အောင် ဟောလေ့ပြောလေ့ရှိတဲ့ တရားဟာ ငါ့တရားပဲ... (မှန်လှပါဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ဝါဒဟာ...(ဘုရားဝါဒပါဘုရား)၊ ဘုံဘဝ မနစ်သက်အောင်ဟောတဲ့တရားဟာ ဘုရား၏ ဟောနေကျ

တရား…(မှန်ပါဘုရား)၊ မှတ်မိကြပြီလား…(မှတ်မိပါပြီဘုရား)၊ သေချာစဉ်းစားပါ၊ သေချာစဉ်းစားပါ။

အင်မတန်တိုးခွေပြီးသကာလ နေရာရအောင်လုပြီး နာရတဲ့အထဲမှာမှ ဒီနှစ်လုံးမှ ပါမသွားတော့ဘူး…၊ ဒီနှစ်လုံးသည် အဖြေနှင့်တကွ ပါမသွားတော့ဘူးဆိုရင် ဒကာသစ် ကိုယ်ကျိုးနည်းပြီ … (မှန်လှပါဘုရား)။

အင်မတန်မှ ကိုယ်ကျိုးနည်းသွားမှာစိုးလို့ ဒကာ ဒကာမတို့ နှစ်လုံးတည်းဟောမှာနော်…(မှန်လှပါဘုရား)။

ဘုရားဝါဒက ဘာတဲ့…(ဘယ်သူနဲ့မှ မဆန့်ကျင်ပါဘူးဘုရား)၊ ဘုရားဝါဒက ဘယ်သူနဲ့မှ မဆန့်ကျင်ဘူး၊ ဘုရားရဲ့ရန်ဖြစ်ကြတဲ့ပုဂ္ဂိုလ် ဘုရားအလိုမကျတဲ့ပုဂ္ဂိုလ်ဟူသရွေ့သည် ဘုရားကတော့ မဆန့်ကျင်အောင် နေတာပဲ၊ သူက သက်သက်ရန်သူလုပ်လို့ဖြစ်တာ…(မှန်လှပါဘုရား)၊ ရှင်းကြပြီလား…(ရှင်းပါပြီဘုရား)။

ဘယ်လိုဟောလေ့ရှိသတုံးဆိုတော့ ဘုံဘဝကိုပြတ်အောင်တောက်အောင် ဟောလေ့ရှိတဲ့တရားသည် ငါ၏ဟောနေကျတရား …(မှန်လှပါဘုရား)၊ ဒကာ ဒကာမတွေက ဘုံဘဝကို ပြတ်အောင်တောက်အောင် ဟောလေ့ရှိတဲ့တရားဟာ ဘယ်သူ့တရားပါလိမ့် …(ဘုရားတရားပါဘုရား)။

ဘုံဘဝပြတ်အောင် ဟောလေ့ ပြောလေ့ရှိတဲ့တရားဟာ …(ဘုရားတရားပါဘုရား)၊ မည်သူနှင့်မျှ မဆန့်ကျင်တဲ့ဝါဒဟာ …(ဘုရားဝါဒပါဘုရား)၊ ဘုံဘဝကို မလိုချင်အောင် ဟောလေ့

ပြောလေ့ရှိတဲ့တရားဟာ...(ဘုရားတရားပါဘုရား)၊ ဒါဖြင့် ဒကာကြွယ် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ မည်သူနဲ့မှ မဆန့်ကျင်တဲ့ဝါဒ ဟာ သူ့ဝါဒ...(မှန်လှပါဘုရား)၊ ရိပ်မိကြပြီလား...(ရိပ်မိပါပြီဘုရား)။

ဘုံဘဝကိုတဲ့ မတပ်မက် မနှစ်သက်အောင် ဟောလေ့ ပြောလေ့ရှိတဲ့တရားဟာ သူဟောနေကြတရား...(မှန်လှပါဘုရား)၊ ရိပ်မိကြပြီလား...(ရိပ်မိပါပြီဘုရား)။

## ဘုရားရှေ့ကန့်လန့်မလုပ်ကြနဲ့

ဒါဖြင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ ဘုရားရှေ့သွားပြီး သကာလ ကန့်လန့်တော့ မလုပ်ကြနဲ့ဆိုတဲ့ စကားသုံးရတော့ မယ်...(မှန်လှပါဘုရား)။

ဘယ့်နှယ်ကြောင့် သုံးရပါလိမ့်မတုံးဆိုရင် ဤဆွမ်း၊ ဤ ကွမ်းကြောင့် လူ့ပြည်၊ နတ်ပြည် အကြိမ်ကြိမ် ခံစား၍ဆိုတော့ ဘုံဘဝ သူတို့က ဆုတောင်းတယ်...(မှန်လှပါဘုရား)။

ဘုရား ဟောလေ့ ပြောလေ့ရှိတာကလည်း ဘုံဘဝတွေကို ပြတ်အောင် တောက်အောင် ဟောလေ့ရှိတဲ့ဝါဒဟာ ဟောလေ့ ပြောလေ့ရှိတဲ့တရားဟာ ငါ့တရား...(မှန်လှပါဘုရား)။

ဘုရားက ဘုံဘဝပြတ်အောင် တောက်အောင်သာ ဟော တယ်...(မှန်လှပါဘုရား)၊ ဘာကြောင့် ဒီတရားဟောရပါလိမ့်မတုံး ဆိုတော့ ဒကာ ဒကာမတို့ ဘုံဘဝလာတိုင်း လာတိုင်း ဘာသစ္စာ လာမှာတုံး...(ဒုက္ခသစ္စာလာမှာပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေက ဘုရားဟောလေ့ ပြောလေ့ရှိတာ ဘုံဘဝပြတ်အောင် တောက်အောင် ဟောလေ့ရှိတယ်...(မှန်လှပါဘုရား)၊ ရှင်းပြီလား...(ရှင်းပါပြီဘုရား)။

ဘုရားဟောလေ့ ပြောလေ့ရှိတာက...(ဘုံဘဝပြတ်အောင် တောက်အောင်ပါဘုရား)၊ ဘုံဘဝပြတ်အောင်တောက်အောင် ဟောလေ့ရှိတယ်...(မှန်လှပါဘုရား)။

## ဘုံဘဝဆုတောင်းမယ်ဆိုရင်

ဒကာ ဒကာမတွေက ဘုံဘဝသွားပြီး ဆုတောင်းမယ်ဆိုရင် ဘုရားအကြိုက်ကျမကျ...(မကျပါဘူးဘုရား)၊ ဘယ်ကျမတုံး၊ ဘုံဘဝဆုတောင်းတော့ ဘုံဘဝဆုတောင်းတဲ့အတိုင်း ပြည့်သွားရင် ဒကာကြွယ် ဘာသစ္စာရ...(ဒုက္ခသစ္စာရပါတယ်ဘုရား)။

ဘုရားက ဘုံဘဝကိုပြတ်အောင်တောက်အောင် ဟောလေ့ရှိတဲ့တရားဟာ ငါ့တရားလို့ ပြောထားတယ်...(မှန်လှပါဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

ဒါနဲ့ပဲ ဒီတရားတွေ၊ ဘုရားက ဒီစကားနှစ်ခွန်းပဲ ဒဏ္ဍပါဏိဆိုတဲ့ ရွှေတုတ်ကောက်ကိုင်လာတဲ့လူကို ဖြေပြီးသကာလသွားတော့ ကျောင်းပြန်လာခဲ့တယ်။

ကျောင်းပြန်လာတဲ့အခါ ရဟန်းတစ်ပါးက အရှင်ဘုရား ဘယ်ကြွသတုံး အေးကွာ...မဟာဝုန်တောထဲ၊ ဟိမဝန္တာတောနဲ့

စပ်နေတဲ့ မဟာဂုန်တောထဲသွားပြီးသကာလနေတယ်၊ ဒဏ္ဍပါဏိ တွေ့တယ်ကွ၊ ငါ့မေးတယ်ကွ၊ ခုနကအကြောင်းတွေ ပြန်ပြောတာ ပေါ့...(မှန်လှပါဘုရား)။

အရှင်ဘုရား ဘယ်ဝါဒတုံး၊ ဘယ်လိုဟောလေ့ပြောလေ့ ရှိသတုံးဆိုတဲ့ စကားနှစ်လုံးမေးတယ်ကွ၊ ငါက ဖြေလိုက်တယ်ကွ၊ ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ဝါဒက ငါ့ဝါဒကွ၊ ဘုံဘဝပြတ်အောင် တောက်အောင် ဟောလေ့ရှိတဲ့တရားဟာ ငါ့တရားကွလို့ပဲ ငါဖြေ လိုက်တယ်ဆိုတော့ တရားက ဒကာသစ် ကျဉ်းမနေဘူးလား... (ကျဉ်းပါတယ်ဘုရား)၊ ဘုရားက ဒါဖြေပြီး ကျောင်းခန်းထဲ ဝင် သွားတယ်...(မှန်လှပါဘုရား)။

ကျောင်းခန်းထဲဝင်ပြီးသကာလ သွားတဲ့အခါကျတော့ ခုနက လျှောက်တဲ့ရဟန်းရော၊ ဘေးက ခြံရံနေတဲ့ရဟန်းတွေရော နား မလည်တဲ့ သဘောရောက်နေတော့ ဘုရားကလည်း ကျောင်းခန်း ထဲ ဝင်သွားပြီး ဒီအဖြေကလေးပေးပြီး၊ ဒီအဖြေကလည်း ကျဉ်း လိုက်တာ။

## ရှင်မဟာကစ္စည်း

တို့နားလည်အောင်လည်း ဘယ်လိုမှ တို့ ဉာဏ်စွမ်းနဲ့ တော့ ရှင်းလင်းဖို့ရာ အကြောင်းမရှိတော့ဘူး၊ ရှင်မဟာကစ္စည်း ဆီသွားမှပဲ၊ ဘုရားချီးမွမ်းတဲ့ပုဂ္ဂိုလ် ဘုရားက အကျဉ်းဟောရင်

သူချဲ့တတ်တယ်ဆိုပြီးသကာလ ရှင်မဟာကစ္စည်းဆီ သွားကြပါတယ် ...(မှန်လှပါဘုရား)။

သွားကြတဲ့အခါကျတော့ ရှင်မဟာကစ္စည်းက မင်းတို့ ဘာကိစ္စလာကြသတုံး၊ ဒီလိုပဲ ဘုရား၊ ဘုရားက ဒဏ္ဍပါဏိကို ဟောခဲ့တဲ့တရားက သူ့ဝါဒဟာ သူတစ်ပါးနဲ့ မဆန့်ကျင်တဲ့ဝါဒတဲ့၊ ဘုံဘဝပြတ်အောင် တောက်အောင် ဟောလေ့ရှိတဲ့တရားက သူ့တရားတဲ့၊ အဲ့ဒါလေး ဟောပြီး အခန်းထဲဝင်သွားတယ်ဘုရား။

ဒါကြောင့် တပည့်တော်တို့က နားမလည်ဘဲဖြစ်ပြီးနေလို့ အရှင်ဘုရားဆီ လာခဲ့ရတယ်ဆိုတော့ကွာ...မင်းတို့က အနှစ်ရှိတဲ့ သစ်ပင်ဆီက အကာရှိတဲ့ သစ်ပင်ဆီလာပြီး အနှစ်တောင်းသလို ဖြစ်နေပါပေါ့လား။

## ဝိပဿနာတရား

ဘုရားဆီက ငါ့ဆီ လာတယ်ဆိုတော့ ဘယ်ကောင်းနိုင်ပါ့မလဲလို့ ဟိုကပြောလိုက်တယ်...(မှန်လှပါဘုရား)၊ မဟုတ်ပါဘူးဘုရား၊ အရှင်ဘုရားက ဘုရားဟောတော်မူတဲ့ အကျဉ်းတရားတွေကို အကျယ်သဘော ဟောတတ်ပါတယ်ဆိုလို့ တပည့်တော်များမှီခိုအားထားရာလိုက်ရှာတဲ့အခါ အရှင်ဘုရားတစ်ပါးသာ တွေ့ပါတယ်။ ဒါကြောင့် အရှင်ဘုရား တပည့်တော်တို့ကို ဆုံးမပါလို့ဆိုတော့ ကောင်းပြီကွာဆိုပြီးသကာလ ဒကာ ဒကာမတွေ ဝိပဿနာတရား ဟောလိုက်တယ်...(မှန်လှပါဘုရား)၊ နားထောင်ပါ၊ နားထောင်ပါ။

ယခု ဘာဟောမှာတုံး…(ဝိပဿနာတရားဟောမှာပါဘုရား)၊ ဝိပဿနာတရားဟောပါလိမ့်မယ် ဒကာ ဒကာမတို့…(မှန်လှပါဘုရား)၊ ရှင်မဟာကစ္စည်းက ဝိပဿနာတရားဟောပါလိမ့်မယ်…(မှန်လှပါဘုရား)။

## မြင်တယ်ဆိုရင်

အဲ့ဒီတော့ ဒကာ ဒကာမတို့ မြင်တယ်ဆိုလို့ရှိရင် ဒကာဒကာမတွေဟာ လိုချင်တဲ့စိတ်ကလေးဟာ နောက်က မလိုက်တတ်ဘူးလား…(လိုက်ပါတယ်ဘုရား)။

ဩော်…မြင်တယ်ဆိုလို့ရှိရင်ဖြင့်တဲ့၊ အင်း ဒါလေးကကောင်းတယ်ဆိုတဲ့ ခံစားတာလာတယ်၊ ခံစားတာလာလို့ရှိရင်ကောင်းတယ်ဆိုတာ မှတ်တယ်၊ မှတ်ပြီးသကာလ ကြံစည်တယ်၊ ကြံစည်ပြီး တဏှာ၊ မာန၊ ဒိဋ္ဌိလာတတ်ပါတယ်နော်…(မှန်လှပါဘုရား)။

## ကြားတယ်ဆိုရင်

ဒါဖြင့် မြင်တယ် ဆိုလိုချင်တယ် သဘောကျပြီလား…(ကျပါပြီဘုရား)၊ ကြားတယ်ဆိုရင်လည်း ဒီအသံမကြားချင်ဘူးဆိုတဲ့ ဒီအသံမျိုးကို ကျုပ်တို့ အဖက်တန်တယ်လို့ မထင်ဘူးဆိုတဲ့ မာနကော…(လာပါတယ်ဘုရား)၊ အင်းလာတယ်။

ဒါငါ့သားလေးအသံထင်ပါရဲ့ဆိုတဲ့ ဒိဋ္ဌိကကော…(လာပါတယ်ဘုရား)၊ ဩော်…ဒကာ ဒကာမတို့ မြင်တယ် ကြားတယ်ဆို တဏှာ၊ မာန၊ ဒိဋ္ဌိကလာတယ်…(မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ တိုတိုပြောကြစို့ဆိုတော့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားဟာ ဘယ်ကလာပါလိမ့်မတုံးဆိုလို့ရှိရင် မြင်မှု၊ ကြားမှုကလာတာပဲ…(မှန်လှပါဘုရား)၊ ဘယ်က လာပါလိမ့် …(မြင်မှုကြားမှုကလာတာပါဘုရား)။

## တဏှာ၊ မာန၊ ဒိဋ္ဌိ

တဏှာ၊ မာန၊ ဒိဋ္ဌိက ဘယ်ကလာပါလိမ့်…(မြင်မှု၊ ကြားမှုက လာတာပါဘုရား)၊ ကောင်းပြီ ဒါဖြင့် တဏှာလာရင် တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ။

မာနလာရင် မာနပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ လာတာပဲ…(မှန်ပါဘုရား)။

ဒိဋ္ဌိလာလို့ရှိရင် ဒိဋ္ဌိပစ္စယာ ဒိဋ္ဌုပါဒါန် ဒိဋ္ဌုပါဒါနပစ္စယာ ကမ္မဘဝေါလာသေးတာ…(မှန်လှပါဘုရား)။

တဏှာ၊ မာန၊ ဒိဋ္ဌိသည် ဒကာ ဒကာမတို့ နှစ်နံပါတ်က သုံးနံပါတ် ကူးတော့တယ်…(မှန်လှပါဘုရား)၊ နှစ်နံပါတ်က… (သုံးနံပါတ်ကူးပါတယ်ဘုရား)၊ ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းမှာ နှစ်နံပါတ် က သုံးနံပါတ်ကူးသွားတယ်…(မှန်လှပါဘုရား)။

ဒီမှာ စက်ဝိုင်းကြီးမပါလို့ ပြစရာမရှိဘူး၊ နောက်သီတင်းမှ ပြပြီး ဒီစက္ကူတွေ အကုန်ယူခဲ့ကြ၊ ဒီကဒ်တွေ အကုန်ယူခဲ့ကြ ပြ ဟောလိမ့်မယ်နော်...(မှန်လှပါဘုရား)။

ဒီမှာတော့ နားနဲ့သာ မှတ်သွားကြတာပေါ့...(မှန်လှပါဘုရား)၊ ထားစရာက မရှိလို့...(မှန်လှပါဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ မြင်စိတ်ပေါ်လာရင်လည်း လိုချင်တာ လာတတ်တယ်...(မှန်လှပါဘုရား)၊ မြင်စိတ်ပေါ်လာလို့ ရှိရင်လည်းတဲ့ ငါ့ဒါမျိုးရှိသားပဲဆိုတဲ့ မာနကော...(လာပါတယ်ဘုရား)။

မြင်စိတ်ပေါ်လာလို့ရှိရင်ဖြင့် ဒီဟာသည်ကားလို့ဆိုရင်ဖြင့် ငါမြင်လို့ တော်တော်သေးတယ်ဆိုတဲ့ ဒိဋ္ဌိကော...(လာပါတယ်ဘုရား)။

ဒါဖြင့် မြင်တဲ့စိတ်ကလေးနောက်က တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စလိုက်မလိုက်...(လိုက်ပါတယ်ဘုရား)။

ဒါဖြင့်တဲ့ ရှင်မဟာကစ္စည်းကဟောတယ်၊ ကွာတဲ့ ဒီလို လုပ်ပါတဲ့ ဒီတဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ဉစ္စာ ပပဉ္စတရားကွာတဲ့ မြင်တယ်ဆိုလို့ရှိရင်ဖြင့် ခံစားတယ်၊ ခံစားတယ်ဆိုလို့ရှိရင်ဖြင့် မှတ်တယ်၊ မှတ်တယ်ဆိုလို့ရှိရင် ကြံစည်တယ်၊ ကြံစည်တယ် ဆိုလို့ရှိရင် ပပဉ္စလာတော့တာပဲ...(မှန်လှပါဘုရား)။

ဒါကြောင့်ကွာတဲ့ မင်းတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မြင်စိတ်ကလေးကနေပြီး ပွားလာတဲ့ ပပဥ္စ…(မှန်လှပါဘုရား)၊ ဘယ်လိုမှတ်ကြမယ်…(မြင်စိတ်ကလေးကနေပြီး ပွားလာတဲ့ ပပဥ္စပါ ဘုရား)။

## စိတ္တာနုပဿနာ

ဒါဖြင့် ဒကာ ဒကာမတွေ ဒီစိတ္တာနုပဿနာဖြင့် လက်မလွှတ်ပါနဲ့ဆိုတာ ဘုန်းကြီးက ဒကာ ဒကာမတွေအား မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပေါ်အောင်လို့ဟောပါတယ်…(မှန်လှပါဘုရား)။

## အပြင်ဆည့်သည်ငါးယောက်

ဒါဖြင့် မြင်တယ်ဆိုရင် မျက်လုံးထဲ မြင်စိတ်ပေါ်ပြီ… (မှန်လှပါဘုရား)၊ ကြားတယ်ဆိုရင် နားထဲမှာ…(ကြားစိတ်ပေါ်ပါတယ်ဘုရား)၊ နံတယ်ဆိုရင် နှာခေါင်းထဲမှာ …(နံစိတ်ပေါ်ပါတယ်ဘုရား)၊ စားတယ်ဆိုရင် လျှာအလယ်မှာ…(စားစိတ်ပေါ်ပါတယ်ဘုရား)၊ ယားတယ်ဆိုရင် ကိုယ်ပေါ်မှာ…(ယားစိတ်ပေါ်ပါတယ်ဘုရား)။

ကောင်းတယ်ဆိုရင် ကိုယ်ပေါ်မှာ…(ကောင်းစိတ်ပေါ်ပါတယ်ဘုရား)၊ ကောင်းစိတ်ပေါ်တယ်၊ ကောင်းစိတ်ပေါ်တယ်၊ ဩော် … ဒါလေးတွေ မှတ်ထားလိုက်တော့ ဩော်…ဒါဖြင့် မြင်၊ ကြား၊ နံ၊ စား၊ ယားယံနာဆိုတဲ့ဥစ္စာ အပြင်ဧည့်သည်ငါးယောက်…(မှန်ပါ)၊

အပြင်ဧည့်သည်ဘယ်နှစ်ယောက်တုံး...(အပြင်ဧည့်သည်ငါးယောက် ပါဘုရား)။

မှတ်ထား၊ မှတ်ထား၊ အပြင်ဧည့်သည် ငါးယောက်၊ ဧည့် သည်ဆိုတာ တစ်ခါတလေမှ လာပါတယ်...(မှန်လှပါဘုရား)။

## အတွင်းဧည့်သည်ငါးယောက်

အတွင်းဧည့်သည်ငါးယောက်ပြောပါဦးမယ်၊ တစ်ခါတလေ ကျတော့ ဝမ်းထဲမှာ လောဘလည်းပေါ်တတ်တယ်နော်...(မှန်လှပါ ဘုရာ)၊ တစ်ခါတလေကျတော့ အလိုမကျတဲ့ ဒေါသကော...(ပေါ် ပါတယ်ဘုရား)။

တစ်ခါတလေကျတော့ သံသယရှိတဲ့ ပျံ့လွင့်တဲ့ ဥဒ္ဓစ္စတို့ ဝိစိကိစ္ဆာတို့ကော...(ပေါ်ပါတယ်ဘုရား)၊ ပေါ်ပါတယ်တဲ့၊ တစ်ခါ တလေကျတော့ လှူချင်တန်းချင် ပေးချင်ကမ်းချင်တဲ့ အလောဘ ကလေးကော ...(ပေါ်ပါတယ်ဘုရား)။

တစ်ခါတလေကျတော့ လူတစ်ဦးတစ်ယောက် မေတ္တာထား တဲ့ စိတ်ကလေးကော...(ပေါ်ပါတယ်ဘုရား)၊ အဲ့ဒါအတွင်းဧည့်သည် ငါးယောက်လို့ မှတ်လိုက်တာပေါ့...(မှန်လှပါဘုရား)။

လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ ရှင်းပြီ လား...(ရှင်းပါပြီဘုရား)။

ပြီးတော့ ဒကာဒကာမတွေ အပြင်ညှော်သည်က ဘယ်နှစ်ယောက်...(ငါးယောက်ပါဘုရား)၊ အတွင်းညှော်သည်ကကော...(ငါးယောက်ပါဘုရား)။

## အိမ်သည်နှစ်ယောက်

အိမ်သည်နှစ်ယောက်လည်းမှတ်ပါဦး...(မှန်လှပါဘုရား)၊ အိမ်သည်နှစ်ယောက်ဆိုတာက လေကလေးကို အပြင်ထုတ်တဲ့စိတ် ...(မှန်လှပါဘုရား)၊ လေကလေးကို အတွင်းပြန်ရှိုက်တဲ့စိတ်...(မှန်လှပါဘုရား)။

ဒီစိတ်နှစ်ခုက ဒကာဒကာမတွေကို မသေအောင်စောင့်နေသောကြောင့် အိမ်သည်စိတ် နှစ်ခု...(မှန်လှပါဘုရား)၊ လေထုတ်တဲ့စိတ်လည်း အိမ်သည်စိတ်...(မှန်လှပါဘုရား)၊ လေပြန်သွင်းတဲ့စိတ်ကလေးကော...(အိမ်သည်စိတ်ပါဘုရား)၊ အဲ့ဒါကတော့ အိမ်သည်စိတ်ကလေးနှစ်ခုရှိတယ်...(မှန်လှပါဘုရား)။

အဲဒီတော့ ဒါတွေ ဒကာ ဒကာမတွေက ပြောတဲ့အတိုင်းတဲ့ မြင်စိတ်ကလေးပေါ်လာလည်း ဖြစ်ပျက်ရှုလိုက်တာပေါ့ ...(မှန်လှပါဘုရား)၊ ဖြစ်ပျက်ရှုလိုက်တော့ တဏှာ၊ မာန၊ ဒိဋ္ဌိ လာသေးရဲ့လား...(မလာပါဘုရား)၊ ပပဥ္စသေတယ်...(သေပါတယ်ဘုရား)။

ဒါဖြင့် မြင်စိတ်က ဖြစ်ပျက်၊ ရှုတာက...(မဂ်ပါဘုရား)၊ ပပဥ္စသေတာက သမုဒယချုပ်တာ...(မှန်လှပါဘုရား)၊ ဟုတ်ပြီလား၊ ဒါဖြင့် မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

မြင်စိတ်ကဘာတဲ့...(ဖြစ်ပျက်ပါဘုရား)၊ ရှုတာက...(မဂ်ပါဘုရား)၊ မဂ္ဂသစ္စာပေါ်လာပြီ၊ မဂ္ဂသစ္စာပေါ်လာတော့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပဋိစ္စသမုပ္ပာဒ် သုံးနံပါတ်ကူးသေးရဲ့လား... (မကူးပါဘူးဘုရား)။

## နိဗ္ဗုပဥ္စဆိုတာ

မကူးတော့ကို တဏှာနိရောဓော နိဗ္ဗာန် မဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား)၊ ပပဥ္စနိရောဓော နိဗ္ဗာန်ကော...(ဖြစ်ပါတယ်ဘုရား)၊ နိပ္ပပဥ္စဆိုတာ နိဗ္ဗာန်ကိုဆိုပါတယ်...(မှန်လှပါဘုရား)။

နိပ္ပပဥ္စဖြစ်သွားတော့ ဒကာဒကာမတို့တဲ့ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ အိမ်မှာပေါ်ကြစမ်းပါ...(မှန်လှပါဘုရား)။

ဒါဖြင့် မြင်စိတ်ပေါ်ရင် ဘာလုပ်မတုံး...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဖြစ်ပျက်ရှုတော့ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သေတာက ... (သမုဒယသစ္စာပါဘုရား)၊ သေတာကပပဥ္စတရား...(မှန်လှပါဘုရား)၊ သမုဒယသစ္စာဆိုလည်းဟုတ်တာပဲ၊ သေတာက...(ပပဥ္စတရားပါဘုရား)။

ပပဥ္စသေကတည်းက နောက်ခန္ဓာမလာတာ ဘာပါလိမ့် ...(နိရောဓသစ္စာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ်ဟာဖြင့် သစ္စာလေးပါး တစ်ပြိုင်တည်းပေါ်တယ်...(မှန်လှပါဘုရား)၊ ပယ်သစ္စာ

လည်း ပယ်ပြီးသားဖြစ်ပါတယ်...(မှန်လှပါဘုရား)၊ ပွားသစ္စာလည်း ပွားပြီးသားဖြစ်ပါတယ်...(မှန်လှပါဘုရား)။

## ကြွားစိတ်

ဒါဖြင့် ဒကာ ဒကာမတို့ ကြွားစိတ်ပေါ်ရင် ဘာလုပ်ကြမတုံး...(ဖြစ်ပျက်ရှုမှာပါဘုရား)၊ ကြွားတဲ့စိတ်ကလေး နားထဲမှာ ပေါ်လာရင်လည်း ဩော်...ဖြစ်ပြီး ပျက်တာ တရားပါလားလို့ မြန်မြန်ရှုပါ...(မှန်လှပါဘုရား)။

ရှုတာလေးက ဘာသစ္စာတုံး...(မဂ္ဂသစ္စာပါဘုရား)၊ ပပဥ္စ ချုပ်တာက သမုဒယသေတာ၊ သဘောကျပြီလား၊ သမုဒယသေတော့ သမုဒယတဏှာနိရောဓော နိဗ္ဗာန် မဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား)၊ နိပ္ပပဉ္စကောမဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာနဲ့ နိပ္ပပဥ္စဆိုတဲ့ နိရောဓသစ္စာကော မရဘူးလား...(ရပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ရှုမှ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာရတယ်...(မှန်လှပါဘုရား)၊ ရှုမှ...(မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာရပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဘယ်နည်းနဲ့မှ မရတော့ဘူးဆိုတာ သေချာပြီလား...(သေချာပါပြီဘုရား)။

ကိုင်း ဒါဖြင့် ကြွားစိတ်ကလေးပေါ်လည်း ဘာလုပ်မလဲ...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ရှုတဲ့တရားက ဘာသစ္စာတုံး... မဂ္ဂသစ္စာ၊

သဘောကျပလား...(ကျပါပြီ)၊ သေတဲ့တရားက (သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာဆိုတော့ သမုဒယသေလည်း နိဗ္ဗာန်ပဲဆိုတာ သဘောကျပြီလား...(ကျပါပြီဘုရား)။

## နံစိတ်

ကိုင်း ဒါဖြင့် နံစိတ်ကလေးပေါ်လည်း ဘာလုပ်ကြမလဲ ...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဖြစ်ပျက်ရှုတဲ့ဉာဏ်ကလေးက ဘာတဲ့ ...(မဂ္ဂသစ္စာပါဘုရား)၊ သေတာက...(သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာသေတော့ နိဗ္ဗာန်ပဲမဟုတ်လား...(မှန်လှပါဘုရား)၊ ပပဉ္စသေတာပဲလို့ မှတ်လိုက်တာပေါ့...(မှန်လှပါဘုရား)။

## စားစိတ်

ကဲ...ဒါဖြင့် စားစိတ်ကလေး ပေါ်လာ၊ လျှာအလယ်မှာ ဘာလုပ်ကြမသ်...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ရှုတာလေးက... (မဂ္ဂသစ္စာပါဘုရား)၊ သေတာလေးက...(သမုဒယသစ္စာပါဘုရား)၊ သမုဒယသေရင် နိဗ္ဗာန်ပဲ...(မှန်လှပါဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

## အိမ်မှာသစ္စာနှစ်ခု ဖြိုင်ဖြိုင်ပေါ်စေချင်တယ်

ဒါဖြင့် ဒကာကြွယ်ရေ မဂ္ဂနဲ့ နိရောဓ မပေါ်သေးဘူးလား …(ပေါ်ပါပြီဘုရား)၊ သေသွားတာက တဏှာ နိရောဓကိုး…(မှန်လှပါဘုရား)၊ အဲဒီတော့ ဒကာ ဒကာမတို့ အိမ်မှာ သစ္စာနှစ်ခု ဖြိုင်ဖြိုင်ပေါ်စေချင်တယ် ဆရာဘုန်းကြီးက…(မှန်လှပါဘုရား)။

အိမ်မှာသစ္စာနှစ်ခု ဖြိုင်ဖြိုင်ပေါ်စေချင်တယ်ဆိုတာ ဘယ်သစ္စာနဲ့ ဘယ်သစ္စာပါလိမ့်…(မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပါဘုရား)၊ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပေါ်စေချင်တယ်၊ ရိပ်မိပြီလား…(ရိပ်မိပါပြီဘုရား)၊ မဂ္ဂသစ္စာနဲ့…(နိရောဓသစ္စာပါ)၊ နိရောဓသစ္စာ ပေါ်စေချင်တယ်ဆိုတာ သဘောပါပြီလား…(ပါပါပြီဘုရား)။

## ယားစိတ်

ကဲ…ဒါဖြင့် ကိုယ်ပေါ်မှာ ယားစိတ်ကလေးပေါ်တယ် ဘာလုပ်မလဲ…(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ရှုတာလေးက ဘာသစ္စာတုံး…(မဂ္ဂသစ္စာပါဘုရား)၊ သေတာလေးက…(သမုဒယသစ္စာပါဘုရား)၊ သမုဒယသေတာသည် နိဗ္ဗာန်ပဲမဟုတ်လား…(မှန်လှပါဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာနဲ့ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာနှစ်ခုဟာ ဒကာ ဒကာမတို့ ရှုမှရမယ်…(မှန်လှပါဘုရား)၊ မရှုရင်…(မရပါဘူးဘုရား)၊ ရကို မရဘူးဆိုတာ သေချာပြီလား…(သေချာပါတယ်ဘုရား)။

## သုခစိတ်

ကဲ...ကိုယ်ပေါ်မှာ လေကလေးတိုက်လာတဲ့အခါကျတော့ အဒိုက်ပြေတဲ့ သုခစိတ်ကလေးကော မပေါ်ဘူးလား...(ပေါ်ပါတယ် ဘုရား)၊ ပေါ်လာရင် ဘာလုပ်မလဲ...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဖြစ်ပျက်ရှုရတာက...(မဂ္ဂသစ္စာပါဘုရား)၊ ဖြစ်ပျက်ရှုလိုက်တော့ ဝေဒနာ ပစ္စယာ တဏှာတွေလာသေးရဲ့လား...(မလာပါဘူးဘုရား)။

ဒါဖြင့် တဏှာချုပ်တာက ဘာသစ္စာ...(နိရောဓသစ္စာပါ ဘုရား)၊ တဏှာချုပ်တာက...(နိရောဓသစ္စာပါ)၊ နိရောဓသစ္စာဆို တော့၊ ရှုတာက မဂ္ဂသစ္စာ၊ တဏှာသေတာက...(နိရောဓသစ္စာပါ ဘုရား)ဆိုတော့ သစ္စာဘယ်နှစ်ပါးရလိုက်တုံး...(နှစ်ပါးရလိုက်ပါတယ် ဘုရား)။

## လောဘ

ကိုင်း...ဒါဖြင့် ဝမ်းထဲ၊ လောဘကလေးပေါ်လာတယ်၊ ဘာလုပ်ကြမလဲ...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ရှုတာက ဘာသစ္စာ တုံး...(မဂ္ဂသစ္စာပါဘုရား)၊ နောက်ထပ် တရားတွေ မစားရလို့ ဒေါသဖြစ်တာတွေ သောကဖြစ်တာတွေ လာသေးရဲ့လား...(မလာ ပါဘူးဘုရား)။

ငါ့ဘာမှတ်လို့တုံး၊ ငါရှာကျွေးနေတာ၊ ထမင်းမှ မှန်မှန် မချက်ဘူးလားဆိုတဲ့ မာနတွေကော လာသေးရဲ့လား...(မလာပါဘူး ဘုရား)။

ဒါဖြင့် ရှုတာက၊ လောဘကလေးကို ရှုလိုက်တဲ့အခါ ရှုတဲ့ ဉာဏ်ကလေးက ဘာတုံး…(မဂ္ဂသစ္စာပါဘုရား)၊ သေတာက…(သမုဒယသစ္စာပါဘုရား)၊ သမုဒယသေတော့ ဒီနေရာမှာ သမုဒယသေရင် ဘာခေါ်ကြမလဲ…နိရောဓဖြစ်တော့ ဒကာ ဒကာမတွေ မဂ္ဂနဲ့ နိရောဓပေါ်သွားပြီ…(မှန်လှပါဘုရား)၊ သဘောပါပြီလား…(ပါပါပြီဘုရား)။

ရှုရင် ပေါ်တာပဲဆိုတာ သေချာပြီလား…(မှန်လှပါဘုရား)၊ မရှုရင် ဘယ်တော့မှ မပေါ်ဘူး…(မှန်လှပါဘုရား)၊ မရှုရင် မဂ္ဂနဲ့ နိရောဓ ဘယ်တော့မှ မပေါ်ဘူး၊ ရှုရင် ပေါ်တာပဲဆိုတာ သေချာပြီလား…(မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မရှုဘဲနေရင် သမုဒယနဲ့ဒုက္ခ …(မှန်လှပါဘုရား)၊ ရှုပြန်လို့ရှိရင်ဖြင့် မဂ္ဂနဲ့ နိရောဓ…(မှန်လှပါဘုရား)၊ မရှုဘဲနေရင်…(သမုဒယနဲ့ဒုက္ခပါဘုရား)၊ ရှုပြန်လို့ရှိရင် …(မဂ္ဂနဲ့ နိရောဓပါဘုရား)။

## ရန်သူနဲ့ မိတ်ဆွေ

ဒါဖြင့် ခင်ဗျားတို့ မိတ်ဆွေက ဘယ်သူပါလိမ့်…(မဂ္ဂနဲ့ နိရောဓပါ)၊ မဂ္ဂနဲ့ နိရောဓ၊ ခင်ဗျားတို့ရန်သူက ဘယ်သူပါလိမ့်… (သမုဒယနဲ့ ဒုက္ခပါဘုရား)။

အဲ့ဒီတော့ မပေါင်းသင့်တဲ့လူ မပေါင်းနဲ့ …(မှန်လှပါဘုရား)၊ ပေါင်းသင့်တဲ့လူ ပေါင်းမှ ရမယ်ဆိုတာ ရှင်မဟာကစ္စည်းက သေချာ ဟောတယ်…(မှန်လှပါဘုရား)၊ သဘောပါပြီလား…(ပါပါပြီဘုရား)။

ကဲ...ဒါဖြင့် ဝမ်းထဲမှာ ဒေါသကလေးပေါ်လာတယ်၊ ဘာလုပ်ကြမလဲ...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဖြစ်ပျက်ရှုတာက ဘာတုံး...(မဂ္ဂသစ္စာပါဘုရား)၊ ဖြစ်ပျက်ရှုလိုက်တော့ နောက်က ပပဥ္စလာသေးသလား...(မလာပါဘူးဘုရား)၊ အဲ့ဒီမလာတာက ဘာသစ္စာတုံး...(နိရောဓသစ္စာပါဘုရား)။

## မဂ္ဂနဲ့ နိရောဓ

ဒါဖြင့် ရှုတဲ့ပုဂ္ဂိုလ် မဂ္ဂနဲ့ နိရောဓရတယ်...(မှန်လှပါဘုရား)၊ ဒကာကြွယ်ရှုတဲ့ ပုဂ္ဂိုလ်မှာ...(မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာရပါတယ်ဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

ကဲ တစ်ခါ ကုသိုလ်ပြုချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ဒကာ ဒကာမတို့ မလုပ်နဲ့လို့ မဟောဘူး၊ ကုသိုလ်ပြုချင်တဲ့စိတ်ကလေးပေါ်လာရင် ဘာလုပ်မလဲ...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ရှုလိုက်တာက ဘာတုံး...(မဂ္ဂသစ္စာပါဘုရား)၊ သေတာက ဘာသစ္စာတုံး...(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ရှုတဲ့ပုဂ္ဂိုလ်မှာ ဘယ်သစ္စာနှစ်ပါးရသတုံး...(မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပါဘုရား)၊ မဂ္ဂနဲ့ နိရောဓရတယ်...(မှန်လှပါဘုရား)၊ သဘောကျပြီလား...(ကျပါပြီဘုရား)။

## သမုဒယနဲ့ ဒုက္ခ

မရှုတဲ့ပုဂ္ဂိုလ်မှာ...(သမုဒယနဲ့ဒုက္ခရပါတယ်ဘုရား)၊ ရှုတဲ့ပုဂ္ဂိုလ်မှာ...(မဂ္ဂနဲ့နိရောဓရပါတယ်ဘုရား)၊ မဂ္ဂနဲ့နိရောဓရတယ်ဆိုတော့ တယ်အဖိုးတန်ပါလား...(တန်ပါတယ်ဘုရား)။

အဲ့ဒီကဲ့သို့ လောဘလာလည်း ရှု၊ ဒေါသလာလည်း ရှု၊ ကုသိုလ်လာလည်း ရှု၊ သူတစ်ပါး မေတ္တာထားချင်တဲ့စိတ်ကလေး ဒကာကြွယ်ပေါ်လာတယ် ဘာလုပ်မတုံး...(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ရှုတာက ဘာသစ္စာ...(မဂ္ဂသစ္စာပါဘုရား)။

နောက် ပပဥ္စ မလာတာက...(နိရောဓသစ္စာပါဘုရား)၊ နိရောဓသစ္စာဆိုတော့ သစ္စာဘယ်နှစ်ပါး ကိုယ်ပိုင်ရသတုံး...(နှစ်ပါးကိုယ်ပိုင်ရပါတယ်ဘုရား)။

အဲ့ဒီ နှစ်ပါးဟာ ဘုရားပွင့်မှရတဲ့ သစ္စာနှစ်ပါး...(မှန်လှပါဘုရား)၊ အခုဘုန်းကြီးဟောနေတာကလည်း ဘုရားသာသနာ မကုန်သေးလို့...(မှန်လှပါဘုရား)၊ ဒကာ ဒကာမတွေ ကံကောင်းအကြောင်းသင့်ပြီး ရတာကလည်း တကယ်ပွားများလို့...(မှန်လှပါဘုရား)။

## ဝဋ်ဘဝတိုတို

ဒါက ဆုတောင်းနဲ့ရသလား၊ ရှုမှဒီသစ္စာနှစ်ပါးက ရသလား...(ရှုမှရတာပါဘုရား)၊ ဒါကြောင့် ဝဋ်ဘဝတိုတိုနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရ ရပါလို၏။ မရ...(မှန်လှပါဘုရား)။

ရှုတဲ့ပုဂ္ဂိုလ်ကျတော့ ခုနက မေတ္တာစိတ်ကလေး ဖြစ်ပျက် ရှုလိုက်တော့၊ မေတ္တာစိတ်ကလေး ဖြစ်ပျက်ရှုကြည့်စမ်းပါ၊ မေတ္တာ စိတ်က ဖြစ်ပျက်၊ ရှုတာက ဘာတုံး...(မဂ္ဂသစ္စာပါဘုရား)။

မဂ်ဆိုတော့ ဒကာ ဒကာမတို့ မဂ်က ဘာသစ္စာတုံး၊ မဂ်က မဂ္ဂသစ္စာပေါ့၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)၊ သူ့နောက် က ပဗ္ဗလာသေးရဲ့လား...(မလာပါဘုရား)၊ ပဗ္ဗမလာတာက ဘာ သစ္စာတုံး...(နိရောဓသစ္စာပါဘုရား)။

ဒါဖြင့် ရှုလိုက်တဲ့အခါ သစ္စာဘယ်နှစ်ပါး ကိုယ်ပိုင်ရသတုံး ...(နှစ်ပါးကိုယ်ပိုင်ရပါတယ်ဘုရား)၊ ဘယ်သူ ဘယ်သူပါလိမ့်... (မဂ္ဂနဲ့နိရောဓပါဘုရား)၊ မဂ္ဂနဲ့ နိရောဓရတယ်ဆိုတာ သဘောကျ ပြီလား...(ကျပါပြီဘုရား)။

## လူ့မိုက်ဆိုတာ

ဒါဖြင့် ဒကာကြွယ်ရေ ရွာထဲမှာ ထမင်းစားကောင်းနေတဲ့ ပုဂ္ဂိုလ်၊ လည်ပတ်လို့ ပျော်နေတဲ့ပုဂ္ဂိုလ်မှာ ဘယ်သစ္စာနဲ့ နေရှာပါ လိမ့်...(သမုဒယနဲ့ ဒုက္ခသစ္စာပါဘုရား)။

ရှုပွားနေတဲ့ပုဂ္ဂိုလ်က ဘယ်သစ္စာရပါလိမ့်...(မဂ္ဂနဲ့ နိရောဓ သစ္စာရပါတယ်ဘုရား)၊ သဘောကျပြီလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီလိုလုပ်ကြစို့တော့ မရှုပွားဘဲနဲ့ နေတဲ့ ပုဂ္ဂိုလ်ဟာ အသေဓနာစ ဗာလာနံ၊ မရှုပွားတဲ့ပုဂ္ဂိုလ်ဟာ

...(အသေဝနာစဗာလာနံပါဘုရား)၊ မမိုဝဲကောင်းတာ မှိုဝဲနေသော ကြောင့် သူ့လူမိုက်...(မှန်လှပါဘုရား)။

ပယ်ရမယ့် သမုဒယသစ္စာ မပယ်၊ ပိုင်းခြားထားပစ်ရမယ့် ဒုက္ခသစ္စာ မပိုင်းခြားနိုင်သောကြောင့် အသေဝနာစ ဗာလာနံ ... (မှန်လှပါဘုရား)၊ မမှိုဝဲရမယ့်ဟာ မှိုဝဲနေတာ...(မှန်လှပါဘုရား)။

ရှုတဲ့ပုဂ္ဂိုလ်ကျတော့ ပဏ္ဍိတာနဥ္စသေဝနာ...(မှန်လှပါ ဘုရား)၊ မဂ္ဂင်မှိုဝဲနေတဲ့အတွက်တဲ့ နိရောဓသစ္စာပါ မျက်မှောက်ပြု နိုင်တယ်...(မှန်လှပါဘုရား)။

မရှုတဲ့ပုဂ္ဂိုလ်ကဘာတဲ့...(အသေဝနာစဗာလာနံပါဘုရား)၊ ရှုတဲ့ပုဂ္ဂိုလ်က...(ပဏ္ဍိတာနဥ္စသေဝနာပါဘုရား)၊ မရှုတဲ့ပုဂ္ဂိုလ်က ...(အသေဝနာစဗာလာနံပါဘုရား)၊ ရှုတဲ့ပုဂ္ဂိုလ်က...(ပဏ္ဍိတာနဥ္စ သေဝနာပါဘုရား)။

## မိုက်ချိန်နဲ့ လိမ္မာချိန်

ဒါဖြင့် ကိုယ့်ကိုယ်မှာ မိုက်ချိန်နဲ့ လိမ္မာချိန် ဒကာကြွယ်၊ မောင်ဘသော် ခွဲတတ်ပြီလား...(ခွဲတတ်ပါပြီဘုရား)။

မရှုတဲ့အချိန်မှာ ဘာဆိုကြမယ်...(အသေဝနာစ ဗာလာနံပါ ဘုရား)၊ အသေဝနာစဗာလာနံ၊ ရှုတဲ့အချိန်ကျတော့...(ပဏ္ဍိတာနဥ္စ သေဝနာပါဘုရား)။

မရှုတဲ့အချိန်မှာ...(အသေဝနာစဗာလာနံပါဘုရား)၊ ရှုတဲ့ အချိန်မှာ...(ပဏ္ဍိတာနဥ္စသေဝနာပါဘုရား)။

ဒါဖြင့် ခြော်...သူတစ်ပါး ဒီကလေးက တယ်မိုက်ပါလား၊ ဒီဒကာမက တယ်မိုက်ပါလား၊ သူများမိုက်တာသာ သိတယ်၊ ကိုယ်မရှုတဲ့မအချိန် ကိုယ်ဘာဖြစ်နေသတုံးဆိုရင် ဘယ့်နှယ်ဖြေကြမတုံး ...(အသေဝနာစဗာလာနံပါဘုရား)၊ အသေဝနာစ ဗာလာနံပဲ၊ မမိုဝဲကောင်းတာ မိုဝဲနေတယ်...(မှန်လှပါဘုရား)။

ရှုတဲ့အချိန်ကျတော့...(ပဏ္ဍိတာနဉ္စ သေဝနာပါဘုရား)၊ ပဏ္ဍိတဆိုတာ–ပညာ၊ ပညာဆိုတာ မဂ်ပညာကို ခင်ဗျားတို့က မိုဝဲပြီးသကာလ မဂ်ပညာပေါ်အောင် လုပ်နေသောကြောင့် ပဏ္ဍိတာနဉ္စသေဝနာ...(မှန်လှပါဘုရား)၊ သူ့ကိုမှီဝဲပြီး ပွားများနေလို့ပေါ့ဗျာ ...(မှန်လှပါဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကိုယ့်မိုက်ချိန်နဲ့ ကိုယ့်လိမ္မာချိန် ဒကာကြွယ် အချိန်နဲ့ ခွဲတတ်ပြီလား...(ခွဲတတ်ပါပြီဘုရား)၊ မပွားတဲ့အချိန်မှာ...(အသေဝနာစ ဗာလာနံပါဘုရား)၊ အသေဝနာစ ဗာလာနံ၊ သဘောကျပြီလား...(ကျပါပြီဘုရား)။

ပွားတဲ့အချိန်မှာ...(ပဏ္ဍိတာနဉ္စ သေဝနာပါဘုရား)၊ ပဏ္ဍိတာနဉ္စ သေဝနာ...(မှန်လှပါဘုရား)၊ သဘောကျပြီလား... (ကျပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဝိပဿနာမလုပ်တဲ့အချိန်မှာ ဘာတုံး... (အသေဝနာစ ဗာလာနံပါဘုရား)၊ ဝိပဿနာလုပ်လိုက်ပါပြီ... (ပဏ္ဍိတာနဉ္စသေဝနာပါဘုရား)၊ ကဲ...ဒကာကြွယ် ရှင်းပြီလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ့်မိုက်ချိန်နဲ့ ကိုယ့်လိမ္မာချိန် ခွဲတတ်ပြီလား…(ခွဲတတ်ပါပြီဘုရား)၊ သဘောပါပြီလား…(ပါပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာတဲ့ မိုက်တာတွေလည်း ကိုယ်မိုက်ချိန်လည်း ကိုယ်သိအောင်၊ ကိုယ်လိမ္မာချိန်လည်း ကိုယ်သိလို့ရှိရင် လိမ္မာချိန်ဟာ မဂ္ဂသစ္စာနဲ့နိရောဓသစ္စာ ပေါ်ပါတယ်…(မှန်လှပါဘုရား)။

မိုက်တဲ့အချိန်ကျတော့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ပေါ်ပါတယ်…(မှန်လှပါဘုရား)၊ မိုက်တဲ့အချိန်ကျတော့…(ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာပေါ်ပါတယ်ဘုရား)၊ လိမ္မာတဲ့အချိန်ကျတော့ … (မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပေါ်ပါတယ်ဘုရား)။

ဒါ ရှင်မဟာကစ္စည်းကနေပြီးသကာလ ကျတဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘုံဘဝမလိုချင်တဲ့၊ မလိုချင်အောင်ဟောတဲ့တရားဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးတရားဆိုသဖြင့် ပပဉ္စတွေ ဒကာသစ် မချုပ်သေးဘူးလား…(ချုပ်ပါတယ်ဘုရား)။

ဖြစ်ပျက်မြင်တာ မဂ္ဂသစ္စာ၊ ချုပ်တာက ပပဉ္စ…(မှန်လှပါဘုရား)၊ ချုပ်တာက သမုဒယသစ္စာတွေချုပ်တော့ကို နိဗ္ဗာန်မပါသေးဘူးလား…(ပါပါတယ်ဘုရား)၊ နိပ္ပပဉ္စဆိုတာ နိဗ္ဗာန်ခေါ်တာပဲ…(မှန်လှပါဘုရား)၊ သဘောပါပြီလား…(ပါပါပြီဘုရား)။

## မင်္ဂလသုတ်

ဒါဖြင့် ဒကာ ဒကာမတို့ မင်္ဂလသုတ်ထဲသွင်းလိုက်တဲ့အခါကော ဒကာကြွယ်ကျေနပ်ရဲ့လား…(ကျေနပ်ပါတယ်ဘုရား)။

မရှုပွားတဲ့အချိန်...(အသေဝနာစ ဗာလာနံပါဘုရား)၊ ရှုပွားတဲ့အချိန်...(ပဏ္ဍိတာနဉ္စသေဝနာပါဘုရား)။

ပဏ္ဍိတာနဉ္စသေဝနာလို့ဆိုမှ တော်မင်္ဂလမုတ္တမံနဲ့ဆက်တယ်...(မှန်လှပါဘုရား)၊ အသေဝနာစ ဗာလာနံဆိုရင် တော်မင်္ဂလမုတ္တမံနဲ့ သွားမဆက်နဲ့ ဒကာသစ်ရ...(မှန်လှပါဘုရား)၊ သွားဆက်ရင် ငါးပါးမှောက်မယ်...(မှန်လှပါဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

ဒကာကြွယ် မင်္ဂလသုတ်ပေမယ့် ခင်ဗျား မဆက်တတ်သေးပါဘူး...(မှန်ပါဘုရား)၊ မဆက်တတ်သေးဘူး သူက၊ အသေဝနာစ ဗာလာနံ တော်မင်္ဂလမုတ္တမံနဲ့တော့ သွားမဆက်နဲ့ သွားပြီး မဆိုးဝါးဘူးလား...(ဆိုးဝါးပါတယ်ဘုရား)။

ပဏ္ဍိတာနဉ္စ သေဝနာ တော်မင်္ဂလမုတ္တမံ ဒါသာ အမြတ်တရား၊ အမြတ်ဆိုတဲ့ နိဗ္ဗာန်ရောက်တဲ့တရား...(မှန်လှပါဘုရား)၊ ရှင်းပြီလား...(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒကာကြွယ် ဒီမင်္ဂလသုတ်က သေဝန မှီဝဲရမယ်လို့ဆိုတဲ့ဥစ္စာ ခင်ဗျားတို့က ရွတ်ရမယ်လို့ ယူထားတယ်...(မှန်လှပါဘုရား)။

## မှီဝဲပွားများရမည့်ပညာ

အသေဝနာစ–မမှီဝဲရဘူး၊ ပဏ္ဍိတာနဉ္စ သေဝနာဆိုတော့

မင်္ဂပညာ ဖိုလ်ပညာမှီခဲပွားများရမယ်ဆိုတာ မပါဘူးလား…(ပါပါ တယ်ဘုရား)။

အဲ့ဒါ တပည့်တော်သမီးလေး မင်္ဂလာဦးဖြစ်နေလို့ မင်္ဂလ သုတ်ကလေးတော့ ထည့်ရွတ်ပေးစမ်းပါ။ ဟာ၊ ဒကာကြွယ်သွားပြီ၊ သူက သေဝနာလို့ပြောတဲ့ဥစ္စာ ရွတ်ရမယ်ပြောသလား၊ ပွားများရ မယ်ပြောသလား…(ပွားများရမယ်ပြောပါတယ်ဘုရား)၊ ဒကာကြွယ် က ဘယ်လိုလျှောက်ပါလိမ့်…(ရွတ်ရမယ်ပြောတာပါ)၊ ခင်ဗျားကိုက လွဲနေတာ။

ဒကာ ဒကာမတွေ နောက် ဘုန်းကြီးတွေ ကြွလာလို့ရှိရင် မင်္ဂလသုတ်ကလေး ရွတ်ပေးစမ်းပါဘုရား လျှောက်မလား၊ မင်္ဂလ သုတ်ကလေး ပွားများပေးစမ်းပါလို့ လျှောက်မလား…(မင်္ဂလသုတ် ကလေး ပွားများပေးစမ်းပါဘုရား)။

ပွားများပေးစမ်းပါလို့ လျှောက်လို့ရှိရင်လည်း လွဲတာပဲ၊ ကိုယ့်ဟာကိုယ် ပွားရမှာ…(မှန်လှပါဘုရား)၊ ရိပ်မိပြီလား…(ရိပ်မိ ပါပြီဘုရား)၊ ရွတ်ပေးပါဆိုလို့ မကိုက်ဘူး၊ သဘောကျပြီလား… (မှန်လှပါဘုရား)။

ကိုယ့်ဟာကိုယ် ပွားများရမယ့်အလုပ်ကို သူတစ်ပါး အငှား ရွတ်လို့ ခရီးပေါက်ပါ့မလား…(မပေါက်ပါဘူးဘုရား)။

ကဲ…ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ်မိုက်ချိန်ဟာ မပွားများ တဲ့ အချိန်၊ ဖြစ်ပျက်မရှုတဲ့အချိန် ဘာချိန်တဲ့…(အသေဝနာစ ဗာလာ နံပါဘုရား)၊ အသေဝနာစ ဗာလာနံ။

ဒကာ ဒကာမတွေ တစ်ပွဲလုံး ရွတ်စမ်းပါ၊ မပွားများတဲ့အချိန်…(အသေဝနာစဗာလာနံပါဘုရား)၊ ဝေါမင်္ဂလာမုတ္တမံနဲ့ ဆက်မလား၊ မဆက်ဘူးလား…(မဆက်ပါဘူးဘုရား)၊ မဆက်နဲ့တဲ့ ဒီဥစ္စာ မြတ်တဲ့တရားမဟုတ်ဘူး၊ အပါယ်သွားမည့်တရားကြီး၊ ဝေါမင်္ဂလာမုတ္တမံသွားလုပ်မနေနဲ့ဦး…(မှန်လှပါဘုရား)၊ ရိပ်မိပြီလား…(ရိပ်မိပါပြီဘုရား)။

## ဘုရားကြည်ညိုရင် သုဂတိ

ကိုင်း ဒါဖြင့် ပွားများတဲ့အချိန်ကျတော့ ဘာလုပ်ကြမယ်…(ပဏ္ဍိတာနဉ္စသေဝနာပါဘုရား)၊ အဲဒီတော့ ပညာတရားကို မှီဝဲပါ၊ ပညာကိုမှီဝဲမှ၊ သဘောကျပြီလား…(ကျပါပြီဘုရား)၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတာလည်း ကြည့်ပါဦး အလဂဒ္ဒူပမ–ငါဘုရားကြည်ညိုရင် သုဂတိကွ၊ ငါဘုရားဟောထားတဲ့ပညာကိုပွားများလို့ရှိရင် နိဗ္ဗာန်ကွ…(မှန်လှပါဘုရား)ဆိုတော့ ပညာမှီဝဲပါဆိုတာ အသေအချာမလာဘူးလား…(လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ပညာကို ပဏ္ဍိတာနဉ္စ သေဝနာ၊ ပဏ္ဍိတာနဉ္စ – ပဏ္ဍိတဖြစ်တဲ့တရားကိုလည်း၊ သေဝနာ – ခဏခဏ ပွားများမှီဝဲပါကွ…(မှန်လှပါဘုရား)၊ ဒကာကြွယ် ဒီလို မဆိုဘူးလား…(ဆိုပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ်ကို ဟောတာဆိုတာကော သေချာပြီလား…(သေချာပါပြီဘုရား)၊ ခင်ဗျားတို့က ဒါက အိမ်ထောင်ကျ

မှ ရွတ်တဲ့စာဖြစ်နေတော့ ခက်တယ်...သဘောပါပြီလား...(ပါပါပြီ ဘုရား)။

ဒါဖြင့် ဘယ်အချိန်ကို ကိုယ့်ဟာကိုကော အချိန် ဝေဖန် တတ်ပါပြီလား...(မှန်လှပါဘုရား)။

အသေဝနာစ ဗာလာနံက ဒကာကြွယ် ယနေ့ ဘယ်နှစ်ချိန် ရမယ်ထင်သတုံး...(အများကြီးပါဘုရား)၊ အများကြီးပဲ၊ လျှော့ပြော စမ်းပါဦးဗျာ၊ လျှော့လို့ကိုမရနိုင်ဘူး၊ ဥပုသ်ကြီးနဲ့ မှသားဖြစ်မှာစိုးလို့၊ ဒကာ ဒကာမတွေ ရောင်းဝယ်နေတာ ဘာပါလိမ့်...(အသေဝနာစ ဗာလာနံပါဘုရား)၊ ကလေးချီနေတာ...(အသေဝနာစဗာလာနံပါ ဘုရား)၊ ထမင်းစားဖို့ခေါ်နေတာ...(အသေဝနာစဗာလာနံပါဘုရား)။

ကျောင်းသားလေးကြိုနေရတာ...(အသေဝနာစဗာလာနံပါ ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ တစ်မြို့လုံး လူမိုက်ချည်းပဲ၊ သေရင် အပါယ်ချည်းသွားကြမှာပဲ၊ ရိပ်မိကြပြီလား...(ရိပ်မိပါပြီဘုရား)။

## ပဏ္ဍိတာနဉ္စသေဝနာဆိုတာ

ပဏ္ဍိတာနဉ္စသေဝနာဆိုတာက ညအိပ်ရာဝင်မှ ဆရာသမား ကလည်း ပြောထားတယ်၊ တိုက်တွန်းထားတယ်၊ ကောင်းတဲ့ အလုပ်ကလေး နည်းနည်းမှမပါရင် ကောင်းမထင်ပါဘူးဆိုပြီး သကာလ အဲ့ဒါလေးလည်း လုပ်မယ်ကြံရော အိပ်ချင်တာက အရင် ရောက်လာတယ်...(မှန်လှပါဘုရား)၊ ဒကာကြွယ် ဘယ်လောက် ဆိုးသွားသတုံး...(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ပဏ္ဍိတာနဥ္စသေဝနာက အင်မတန် မနည်းဘူးလား ...(နည်းပါတယ်ဘုရား)၊ အဲဒီတော့ ဒကာ ဒကာမတို့ လိုချင်တာ က နိဗ္ဗာန်နော်...(မှန်လှပါဘုရား)။

နိဗ္ဗာန်ရောက်ကြောင်းက ဒကာသစ် နည်းမနေဘူးလား ...(နည်းပါတယ်ဘုရား)၊ အဲ့ဒါကြောင့် ခင်ဗျားတို့ အမှားတော်ပုံကြီး နေလို့ ငါသည် မိုက်ချိန်လား၊ လိမ္မာချိန်လားဆိုတာ ယနေ့ ခွဲတတ် ပြီလား...(ခွဲတတ်ပါပြီဘုရား)။

ဒါရှင်မဟာကစ္စည်းကလည်း ဟောပါတယ်...(မှန်လှပါ ဘုရား)၊ သဘောကျပြီလား...(ကျပါပြီဘုရား)။

## ပပဥ္စချုပ်ရင် နိဗ္ဗာန်

ပပဥ္စချုပ်ရင် နိဗ္ဗာန်နော်...(မှန်လှပါဘုရား)၊ ဒါဖြင့် ဘာမှ ရှုစရာမရှိရင် ဇှုစိတ်ကလေးကိုလည်း ဖြစ်ပျက်ရှုပါ...(မှန်လှပါဘုရား)၊ ရှိုက်စိတ်ကလေးကော...(ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဒီပြင် အပြင်ဉ္ညီသည်လာရင် ဘယ့်နှယ်လုပ်ကြမတုံး... (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ အပြင်ဉ္ညီသည်ရှု၊ အပြင်ဉ္ညီသည်မရှိ ရင် ဘယ်သွားရှုမယ်၊ အိမ်သည်နှစ်ခုလှည့်ရှု...(မှန်လှပါဘုရား)။

အတွင်းဉ္ညီသည်လာပြန်ပြီ ဘယ်ရှုမတုံး...(အတွင်းဉ္ညီ သည်ရှုပါဘုရား)၊ အတွင်းဉ္ညီသည် မလာပြန်ဘူးဆိုရင်...(အိမ်သည် ပြန်ရှုပါဘုရား)၊ အိမ်သည်ဆိုတဲ့ ဇှုစိတ် ရှိုက်စိတ်ကိုရှု...(မှန်လှပါ ဘုရား)ဆိုတော့ ဒကာကြွယ် အဲ့ဒီလို ရှုနေတဲ့ပုဂ္ဂိုလ် ပဏ္ဍိတာနဥ္စ သေဝနာမဖြစ်သေးဘူးလား...(ဖြစ်ပါတယ်ဘုရား)။

အဲ့ဒီတော့ တော်-ဤတရားသည်၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ-နိဗ္ဗာန်မင်္ဂလာမည်သည်၊ ဟောတိ-ဖြစ်၏...(မှန်လှပါဘုရား)၊ ရိပ်မိကြပြီလား...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကော မပြတ်သေးဘူးလား...(ပြတ်ပါတယ်ဘုရား)၊ ရှုရင် နှစ်က သုံး ကူးသေးရဲ့လား...(မကူးပါဘူးဘုရား)။

## မရှုတဲ့ပုဂ္ဂိုလ်မှာ အဝိုင်းပြေး

မရှုတဲ့ပုဂ္ဂိုလ်မှာ နှစ်ကသုံး၊ သုံးက လေးကျအောင် ကူးတယ်၊ လေးကနေပြီး တစ်ပြန်ဆက်တော့ အဝိုင်းပြေး မကျသေးဘူးလား...(ကျပါတယ်ဘုရား)။

အဲ့ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် နောက်သီတင်းကို သေချာထောက်ပြီးပြမှာဖြစ်နေသောကြောင့် ဒါတွေပြန်ပြီးတော့ ခေတ်ပုံကိုးကွယ်ကြ၊ ပဋိစ္စသမုပ္ပါဒ် ဆောင်လာခဲ့ကြဆိုတာလည်း သတိပေးရတယ်...(မှန်လှပါဘုရား)၊ ရိပ်မိပြီလား...(ရိပ်မိပါပြီဘုရား)။

ခေတ်ပုံ ဝေနေတာနဲ့၊ ပဋိစ္စသမုပ္ပါဒ် လှူတန်းနေတာနဲ့ အချိန်ကြာသွားလို့ ခု နာရီပိုဟောထားတယ်...(မှန်လှပါဘုရား)။

**ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့...**

**သာဓု...သာဓု...သာဓု။**